# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**အလျှဒါနကို ဝမ်းမြောက်နိုင်၏**

စေးနည်းဝန်တိုသူတို့သည် နတ်ပြည်သို့ မရောက်နိုင်ကြကုန်။ လူမိုက်တို့သည် အလျှုဒါနကို မချီးမွမ်းကြကုန်။ ပညာရှိသည်သာ အလျှုဒါနကို ဝမ်းမြောက်နိုင်၏။ ထိုဝမ်းမြောက်မှုကြောင့်သာလျှင် ထိုပညာရှိသည် တမလွန်ဘဝ၌ ချမ်းသာရ၏။

လောကဝဂ် (ဓမ္မပဒ-၁၇၇)


၁၃၈၅ ခုနှစ်၊ ပြာသိုလဆန်း ၁ ရက် | ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီ ၁၁ ရက်၊ ကြာသပတေးနေ့ | အတွဲ (၆၃)၊ အမှတ်(၁၀၃)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## တိုင်းရင်းသားအားလုံးတို့သည် မိမိတို့၏ ကောင်းမြတ်သော အစဉ်အလာများကို အစဉ်အမြဲ ထိန်းသိမ်းစောင့်ရှောက်သွားမည်ဆိုပါက ပြည်ထောင်စုကြီး စည်းလုံးညီညွတ်စွာဖြင့် အရှည်တည်တံ့ခိုင်မြဲနေမည်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ကရင်အမျိုးသားနှစ်သစ်ကူးနေ့သို့ ပေးပို့သည့် သဝဏ်လွှာ (၂၀၂၄ ခုနှစ် ဇန်နဝါရီလ ၁၁ ရက်)**

ချစ်ခင်လေးစားအပ်ပါသော မြန်မာနိုင်ငံအတွင်းရှိ မိဘပြည်သူများနှင့် ကရင်တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ ခင်ဗျာ -

ယနေ့ ခရစ်နှစ် ၂၀၂၄ ခုနှစ် ဇန်နဝါရီလ ၁၁ ရက်၊ ကရင်သက္ကရာဇ် ၂၇၆၃ ခုနှစ်၊ မြန်မာသက္ကရာဇ် ၁၃၈၅ ခု ပြာသိုလဆန်း ၁ ရက်နေ့သည် ကရင်တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ မြတ်နိုးတန်ဖိုးထားသည့် ကရင်အမျိုးသားနှစ်သစ်ကူး နေ့ထူးနေ့မြတ်ဖြစ်ပါသည်။ ကရင်နှစ်သစ်ကူးအခါသမယတွင် ကရင်တိုင်းရင်းသားများအပါအဝင် မိဘပြည်သူအားလုံး ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ ချမ်းသာခြင်း စသည့် ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ◆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အာဆီယံဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်ဖြစ်သူ H.E. Mr. Alounkeo Kittikhoun အား လက်ခံတွေ့ဆုံစဉ်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အာဆီယံဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာအထူးကိုယ်စားလှယ်အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၁၀

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် အာဆီယံဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်ဖြစ်သူ H.E. Mr. Alounkeo Kittikhoun အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

*စာမျက်နှာ ၄ ကော်လံ ၁* ○




## ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ်၊ ၆ / ၂၀၂၄**
၁၃၈၅ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၄ ရက်
(၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်)

### ဒုတိယဝန်ကြီးခန့်အပ်တာဝန်ပေးခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဦးထင်ကျော်သူအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန(၂) ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

## တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေ

**နေပြည်တော် ဇန်နဝါရီ ၁၀**
ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေပြီး ကပ္ပလီ ပင်လယ်ပြင်တောင်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

## နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးအောင်ဇော်သိန်း အင်ဒိုနီးရှားသမ္မတနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက ကျင်းပပြုလုပ်သည့် ၂၀၂၃ ခုနှစ် နှစ်ပတ်လည်အစီရင်ခံစာတင်ပြခြင်းနှင့် Legal Year 2024 ဖွင့်ပွဲအခမ်းအနားတက်ရောက်



**နေပြည်တော် ဇန်နဝါရီ ၁၀**
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးအောင်ဇော်သိန်းသည် ယနေ့နံနက်ပိုင်းတွင် အင်ဒိုနီးရှားသမ္မတနိုင်ငံ ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာတရားရုံးက အွန်လိုင်းဖြင့် ကျင်းပပြုလုပ်သည့် ၂၀၂၃ ခုနှစ် နှစ်ပတ်လည်အစီရင်ခံစာတင်ပြခြင်းနှင့် Legal Year 2024 ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။ (ယာပုံ)

အခမ်းအနားတွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံး တရားသူကြီးချုပ် Dr. Suhartoyo S.H., M.H. က အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ ၂၀၂၃ ခုနှစ်အတွင်း ဆောင်ရွက်ချက်များကို အစီရင်ခံတင်ပြရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးက စစ်ဆေးစီရင်ခဲ့သည့် အမှုများနှင့် စပ်လျဉ်း၍လည်းကောင်း၊ Judicial Ethics Council ဖွဲ့စည်းတည်ထောင်ခဲ့မှုများနှင့် စပ်လျဉ်း၍လည်းကောင်း၊ အခြားနိုင်ငံများ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်း ဆောင်ရွက်ခဲ့မှုများနှင့် စပ်လျဉ်း၍ လည်းကောင်း အစီရင်ခံတင်ပြပြီး ဆောင်ရွက်ချက်မှတ်တမ်းဗီဒီယိုကို ပြသသည်။

ထို့နောက် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး တရားသူကြီးချုပ်က နှုတ်ဆက်စကားပြောကြား၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားသို့ အာရှ ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ တရားရုံးများနှင့် အဆင့်တူအဖွဲ့အစည်းများအသင်း (Association of Asian Constitutional Courts and Equivalent Institutions–AACC) ၏ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သော မြန်မာနိုင်ငံနှင့်အတူ အခြားအဖွဲ့ဝင်နိုင်ငံများမှ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးဥက္ကဋ္ဌများ၊ တရားသူကြီးချုပ်များ၊ တရားသူကြီးများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

## မြန်မာ့မတ်ပဲ အိန္ဒိယမှတစ်ဆင့် ပါကစ္စတန်အထိပါ ဈေးကွက်ပေါက်နေ

**ရန်ကုန် ဇန်နဝါရီ ၁၀**
မြန်မာ့မတ်ပဲသည် အိန္ဒိယနိုင်ငံမှတစ်ဆင့် ပါကစ္စတန်နိုင်ငံအထိပင် ဈေးကွက်ရှိနေပြီး အဝယ်လိုက်နေကြောင်း မတ်ပဲရောင်းဝယ်ရေးလုပ်ငန်း ဆောင်ရွက်နေသည့် အသိုင်းအဝိုင်းမှ သိရှိရသည်။

"အိန္ဒိယကတော့ အများဆုံးဝယ်တယ်။ တန်ချိန်သိန်းနဲ့ချီဝယ်တယ်။ ထိုင်းတို့၊ စင်ကာပူဘက်တို့ သွားတာတွေလည်းရှိတယ်။ ဒါပေမယ့် ပဲပင်ပေါက်ဖောက်ဖို့အတွက်ပဲ သွားတာ။ ကျွန်တော်တို့ဆီ အများဆုံးယူတာက အိန္ဒိယပါ။ အိန္ဒိယကနေ ပါကစ္စတန်အထိ သွားတယ်လို့ သိရတယ်။ ဒါပေမယ့် ကျွန်တော်တို့ဆီ တိုက်ရိုက်ယူတာက အိန္ဒိယပါ" ဟု ပြည်တွင်း ပြည်ပသို့ မတ်ပဲရောင်းချနေသူ လုပ်ငန်းရှင်တစ်ဦးက ဆိုသည်။

လက်ရှိတွင် မတ်ပဲမှာ ပြည်ပ ဈေးကွက်တွင် ဈေးကျနေသော်လည်း ဝယ်လိုအား များနေကြောင်း သိရသည်။

"ပြည်ပဈေးကွက်အခြေအနေက အိန္ဒိယဘက်မှာ ဈေးကျစပြုတယ်။ မတ်ပဲဈေးက အလွန်ကြီးတက်နေတာတော့မရှိဘူး။ ဒါပေမယ့် ဈေးကတက်တော့တက်တယ်။ ကြည့်ရတာ ဝယ်လိုအားတော့ များနေတဲ့ပုံမှာရှိတယ်" ဟု ၎င်းက ဆိုသည်။

ပြည်တွင်းဈေးကွက်တွင် မတ်ပဲဈေးတက်နေပြီး စံချိန်တင်မြင့်တက်နေကြောင်းလည်း သိရသည်။

"မတ်ပဲဈေးကွက်က အရင်နှစ်တွေနဲ့မတူတော့ဘူး။ ဒီချိန်ဆို မတ်ပဲဈေးကျတဲ့အချိန်။ အကျဆုံးကတော့ ဧပြီလပေါ့။ ဒါပေမယ့် ဒီဇင်ဘာလကတည်းက စကျစပြုနေပြီ။ အမြင့်ဆုံးလတွေကတော့ အောက်တိုဘာ၊ နိုဝင်ဘာပေါ့။ ဒီနှစ်ကတော့ ဈေးမကျဘူး။ စံချိန်တင်ဈေးလို့ပြောလို့ရလောက်တဲ့အခြေအနေကို ရောက်နေတယ်" ဟု ၎င်းက ရှင်းပြသည်။

**သစ်တော်**

**စည်းလုံးခြင်းသည်အင်အား၊ ပြည်ထောင်စု၏ စွမ်းပကား။**



## အယ်နီညိုရာသီဥတု သက်ရောက်မှုကာလ စိုက်ပျိုးရေးအခက်အခဲ မကြုံကြရအောင်

ကမ္ဘာလုံးဆိုင်ရာ ရာသီဥတုပြောင်းလဲမှုကြောင့် ရေကြီးရေလျှံခြင်း၊ မုန်တိုင်းတိုက်ခတ်ခြင်း၊ မိုးသီးကြွေခြင်း၊ မိုးခေါင်ခြောက်သွေ့ခြင်း၊ တောမီးလောင်ခြင်း အစရှိသည့် သဘာဝဘေးအန္တရာယ်များ ကျရောက်ခြင်းက စိုက်ပျိုးရေးဖြင့် အသက်မွေးဝမ်းကျောင်းကြသည့် တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝကို ထိခိုက်စေသည်။ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် စိုက်ပျိုးမြေဧက ၂၉ ဒသမ ၅၉ သန်းကို လက်ရှိကာလတွင် အသားတင်စိုက်ပျိုးလျက်ရှိရာ ယင်းမြေပေါ်၌ပင် ရာသီအလိုက် သီးထပ် သီးညှပ်စိုက်ဧကများကို ပါ ထည့်သွင်းတွက်ချက်ပါက နှစ်စဉ်သီးနှံစိုက်ဧက စုစုပေါင်း ၄၈ သန်းကျော်ရှိသည်။

စိုက်ပျိုးရေးတွင် ရေသည် မရှိမဖြစ်လိုအပ်သည့် အရင်းအမြစ်တစ်ခုဖြစ်သော်လည်း ပြောင်းလဲလာသည့် ကမ္ဘာ့ရာသီဥတုဖြစ်စဉ်များကြောင့် နှစ်စဉ်မိုးရွာသွန်းသည့်ရက် လျော့နည်းလာပြီး မိုးရာသီကာလ တိုတောင်းလာခြင်း၊ မိုးရေချိန်နည်းပါးလာခြင်း စသည်တို့ကြောင့် ဆည်၊ တမံများတွင် ရေသိုလှောင်မှုပမာဏ လျော့ကျလျက်ရှိသည်။ ထို့အပြင် ယခုနှစ်တွင် အယ်နီညိုဖြစ်စဉ်သက်ရောက်မှုကြောင့် ဖြစ်ပေါ်လာဖွယ်ရှိသည့် ရာသီဥတုအခြေအနေများက နိုင်ငံတစ်ဝန်းရှိ စိုက်ပျိုးထုတ်လုပ်သူတောင်သူများအပေါ်တွင် ထိခိုက်ဆုံးရှုံးမှုများ ဖြစ်ပေါ်စေနိုင်သည်။ အယ်နီညိုဖြစ်ပေါ်သည့်နှစ်များတွင် တစ်နိုင်ငံလုံး နွေကာလ၌ ပူပြင်းခြောက်သွေ့ခြင်း၊ အနောက်တောင်မုတ်သုံလေ အဝင်နောက်ကျခြင်းနှင့် မုတ်သုံလေအားနည်းခြင်း၊ မိုးခေါင်ရေရှားပြဿနာများ ထင်ထင်ရှားရှား ကြုံတွေ့ရခြင်း၊ မုတ်သုံမိုးအားနည်းခြင်းနှင့် မုတ်သုံလေ အထွက်စောခြင်း၊ ဘင်္ဂလားပင်လယ်ပြင်တွင် မုန်တိုင်းဖြစ်ပေါ်မှုလျော့နည်းခြင်း စသည့် ပြဿနာများကို ကြုံတွေ့ရတတ်သည်။ အယ်နီညိုနှစ်များတွင် နွေရာသီကာလ ရှည်လျားပြီး အပူချိန်မြင့်မားခြင်းကြောင့် စိုက်ပျိုးရေရှားပါးမှု၊ သောက်သုံးရေမလုံလောက်မှုနှင့် ကျန်းမာရေးဆိုင်ရာပြဿနာများ ဖြစ်လာနိုင်ဖွယ်ရှိသည်။

ယခုနှစ် မေလအထိ အယ်နီညိုသည် ဆက်လက်ဖြစ်ပွားနိုင်ပြီး အရှေ့တောင်အာရှဒေသများတွင် ကာလကြာရှည် ခြောက်သွေ့သည့် ကာလကိုဖြစ်ပေါ်စေနိုင်ရာ မိမိတို့နိုင်ငံ၏ အဓိကစားကုန်ဖြစ်သော ဆန်စိုက်ပျိုးထုတ်လုပ်မှုတို့ ထိခိုက်ဆုံးရှုံးနိုင်ဖွယ်ရှိနေသည်။ မြန်မာနိုင်ငံတွင် ၁၉၉၈ ခုနှစ်က အားအလွန်ကောင်းသော အယ်နီညိုဖြစ်စဉ်ကြောင့် နိုင်ငံတစ်ဝန်း ရွာသွန်းသည့်မိုးရေချိန်ပမာဏသည် ရွာသွန်းမြဲအောက် ၂၃ ရာခိုင်နှုန်းခန့် လျော့နည်းရွာသွန်းခဲ့သည်။ ယင်းနှစ်နွေရာသီ ဧပြီလနှင့် မေလတို့တွင် နိုင်ငံတစ်ဝန်းရှိ မိုးလေဝသတိုင်းတာရေးစခန်း ၃၀ ကျော်တွင် အမြင့်ဆုံးအပူချိန် စံချိန်သစ်များတင်ခဲ့ကာ မိုးခေါင်ခြောက်သွေ့မှု၊ သောက်သုံးရေပြတ်လပ်မှု ဖြစ်ပေါ်ခဲ့သည်။ ၂၀၁၀ ပြည့်နှစ်အားအသင့်အတင့်ရှိသည့် အယ်နီညိုဖြစ်စဉ်တွင် မြန်မာတစ်နိုင်ငံလုံး၏ စံချိန်သစ်တင်အမြင့်ဆုံးအပူချိန် ၄၇ ဒသမ ၂ ဒီဂရီဆဲလ်စီးယပ်စ်အထိ မြင်းမူမြို့တွင် ဖြစ်ပေါ်ခဲ့ပြီး အပူဆုံးစံချိန်သစ်တင်ခဲ့သည်။ ထိုနှစ်တွင် အင်လေးကန်ရေခန်းခြောက်မှုနှင့် အပူပိုင်းဒေသများတွင်သာမက မြေလတ်ဒေသများတွင်ပါ ရေရှားပါးပြတ်လပ်ခဲ့သည်။

အယ်နီညိုသက်ရောက်မှုကြောင့် ရာသီဥတုပူပြင်းမှုနှင့်အတူ စိုက်ပျိုးရေနှင့် သောက်သုံးရေအခက်အခဲများ ဖြစ်ပေါ်လာနိုင်ရာ စိုက်ပျိုးရေများ လေလွင့်ဆုံးရှုံးမှုမဖြစ်စေရန်၊ သက်တမ်းတိုအထွက်ကောင်းစပါးမျိုးများအသုံးပြုရန်၊ ဒေသနှင့် ကိုက်ညီပြီး ရေလိုအပ်ချက်နည်းသော အထွက်ကောင်းစပါးမျိုးကို ရွေးချယ်စိုက်ပျိုးရန် သက်ဆိုင်ရာက သတိပေးနှိုးဆော်မှုများကို လိုက်နာဆောင်ရွက်ကြရန် လိုအပ်သည်။ ထို့အပြင် စိုက်ပျိုးရေအတွက် ရေအရင်းအမြစ်များ ရှာဖွေခြင်း၊ စိုက်ပျိုးရေများ ကြိုတင်သိုလှောင်ခြင်း၊ ရေကိုအလဟဿမဖြစ်စေဘဲ အလေအလွင့်နည်းနည်း၊ အကျိုးရှိရှိ၊ ထိထိရောက်ရောက်သုံးစွဲခြင်း၊ ရာသီဥတုနှင့် လိုက်လျောညီထွေဖြစ်သည့် သီးထပ်ပုံစံများစိုက်ပျိုးခြင်း၊ စိုက်ပျိုးရေကို စနစ်တကျသုံးစွဲရန်သင့်တော်သည့် ရေပေးဝေမှု၊ ရေရယူအသုံးပြုမှုစနစ်များ ကျင့်သုံးခြင်းတို့ကို တောင်သူများ၊ ရေအသုံးပြုသူ တောင်သူအဖွဲ့အစည်းများ၊ သက်ဆိုင်ရာဌာနများ ပူးပေါင်းဆောင်ရွက်ကြခြင်းဖြင့် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုကို ကျော်လွှားကြရပါမည့်အကြောင်း။ ။

> ❑ ယခုအချိန်တွင် ကရင်ပြည်နယ် ဒေသအချို့အပါအဝင် နိုင်ငံတော်အတွင်း ဖြစ်ပေါ်နေသည့် ပဋိပက္ခများကြောင့် နိုင်ငံတော်နှင့် ပြည်သူအားလုံးဘက်ပေါင်းစုံမှ များစွာထိခိုက်နစ်နာမှုများ ဖြစ်ပေါ်လျက်ရှိ၊ အမှန်တရားအပေါ် အခြေမပြုဘဲ ပြည်တွင်းပြည်ပ သွေးထိုးမြှောက်ပင့်မှုများနှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အချို့၏ အားပေးကူညီမှုများကြောင့် ဖြစ်ပေါ်နေသည့် ဆူပူအကြမ်းဖက်မှုများနှင့် တိုက်ပွဲများ၏ ဆိုးကျိုးနှင့် ဆင်းရဲဒုက္ခကို လက်တွေ့ခံစားနေကြရသူများမှာ တိုင်းရင်းသားပြည်သူများသာဖြစ်
>
> ❑ နိုင်ငံအတွင်းဖြစ်ပွားနေသည့် ဆူပူအကြမ်းဖက်မှုများနှင့် လက်နက်ကိုင်ပဋိပက္ခများကြောင့် ပျက်စီးဆုံးရှုံးသွားသမျှသော အသက်ခန္ဓာများနှင့် အရာဝတ္ထုအားလုံးမှာ မိမိတို့နိုင်ငံ၏ အဖိုးတန်အရင်းအမြစ်များပင်ဖြစ်၊ တည်ငြိမ်အေးချမ်းမှုမရှိသော နေရာဒေသသည် ဖွံ့ဖြိုးတိုးတက်မှုနှင့် သာယာဝပြောမှုကင်းဝေးလျက် ဒေသခံတိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝမှာလည်း နိမ့်ကျလျက်ရှိနေမည်ဆိုသည့်အချက်ကို အားလုံးက သတိပြုအလေးအနက်ထားကြစေလို

◆ ရှေ့ဖုံးမှ

ကမ္ဘာပေါ်ရှိ လူမျိုးအသီးသီးတို့သည် ရှေးပဝေသဏီကပင် မိမိတို့ဆိုင်ရာ လူမျိုးအလိုက်စုပေါင်း၍ ရေကြည်ရာ မြက်နုရာဒေသများသို့ အဆင့်ဆင့်ရွှေ့ပြောင်းနေထိုင်အခြေချခဲ့ကြသည်။ ကရင်လူမျိုးတို့သည် ဘီစီ ၇၃၉ ခုနှစ်၌ မြန်မာနိုင်ငံအတွင်းသို့ ရောက်ရှိအခြေချနေထိုင်လာခဲ့ခြင်းကြောင့် ကရင်အမျိုးသားများ စတင်ရောက်ရှိခဲ့သည့် ဘီစီ ၇၃၉ ခုနှစ်ကို အခြေခံပြီး တွက်ချက်လာခဲ့ကြရာ ယခုနှစ်သည် ကရင်သက္ကရာဇ် ၂၇၆၃ ခုနှစ် ဖြစ်ပါသည်။

ယခုနှစ်တွင် ကျရောက်သည့် ကရင်သက္ကရာဇ် ၂၇၆၃ ခုနှစ်၊ သလေး (စကောကရင်) (၁) ရက်နေ့နှင့် ထိုင်ခေါက်ဖို (ပိုးကရင်) (၁) ရက်နေ့သည် ကရင်တိုင်းရင်းသားတို့၏ ကရင်အမျိုးသားနှစ်သစ်ကူးနေ့ဖြစ်ပါသည်။ မြန်မာသက္ကရာဇ်အရဆိုပါက ၁၃၈၅ ခုနှစ် ပြာသိုလဆန်း (၁) ရက်နေ့ ဖြစ်ပါသည်။ ကရင်နှစ်သစ်ကူးနေ့ကို နိုင်ငံတော်အစိုးရက မြန်မာတစ်နိုင်ငံလုံး တရားဝင်ရုံးပိတ်ရက်အဖြစ် ဂုဏ်ပြုသတ်မှတ်ပေးထားပါသည်။

**ချစ်ခင်လေးစားအပ်ပါသော တိုင်းရင်းသားမိဘပြည်သူညီအစ်ကိုမောင်နှမများ ခင်ဗျာ–**

ကရင်အမျိုးသားဆိုသည်မှာ လူမျိုးတစ်ခုတည်း၏ အမျိုးဇာတိ၊ ဘာသာအယူဝါဒ၊ ယုံကြည်ကိုးကွယ်မှုတို့နှင့် မသက်ဆိုင်ဘဲ အားလုံးသော ကရင်မျိုးနွယ်များ၊ မျိုးနွယ်စုများ၊ မိသားစုဝင်အနွယ်တူ လူမျိုးများအားလုံးကို စုပေါင်း၍ခေါ်ဆိုခြင်းဖြစ်ပါသည်။ ကရင်မျိုးနွယ်စု (၁၁)မျိုး ရှိပြီး ၎င်းတို့မှာ ကရင်လူမျိုး၊ ကရင်ဖြူလူမျိုး (ဂေဘားကရင်)၊ ပလေကီး လူမျိုး (ပလေချီး)၊ မွန်ကရင်လူမျိုး (စာဖြူ) (အရှေ့ပိုးကရင်)၊ စကောကရင်လူမျိုး၊ တလေ့ပွာလူမျိုး (တလေ့ပွား)၊ ပကူးလူမျိုး၊ ဘွဲလူမျိုး၊ မောနေပွားလူမျိုး၊ မိုးပွလူမျိုး (မိုးပွား)၊ ပိုးကရင်လူမျိုး (ရှို) (အနောက်ပိုးကရင်)တို့ဖြစ်သည်ကို တွေ့ရှိရပါသည်။ ကရင်လူမျိုးများတွင် စကောကရင်နှင့် ပိုးကရင်ဟူ၍ အဓိကလူမျိုးစုကြီး နှစ်စုရှိပြီး ယဉ်ကျေးမှုဓလေ့စရိုက်နှင့် အသုံးပြုသောဘာသာစကားတွင် ကွဲပြားခြားနားမှုရှိသည်ကို တွေ့ရှိရပါသည်။

ကရင်တိုင်းရင်းသားများသည် မြန်မာတိုင်းရင်းသားများဖြစ်သည်နှင့်အညီ ကရင်ပြည်နယ်နှင့် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် နေထိုင်ခဲ့ကြပါသည်။ အထူးသဖြင့် မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးတို့တွင် ပျံ့နှံ့နေထိုင်လျက်ရှိကြပါသည်။ သမိုင်းတစ်လျှောက် မြန်မာနိုင်ငံအနှံ့ တိုင်းရင်းသားအားလုံးနှင့် အေးအတူပူအမျှ စည်းလုံးညီညွတ်စွာ အတူယှဉ်တွဲနေထိုင်ခဲ့ကြပါသည်။ ထို့ပြင်သာမက မိမိတို့နိုင်ငံ သူ့ကျွန်လက်အောက် ကျရောက်ခဲ့စဉ်ကလည်း နိုင်ငံလွတ်လပ်ရေးအတွက် မျိုးချစ်စိတ်၊ တိုင်းချစ်ပြည်ချစ်စိတ်၊ နိုင်ငံချစ်စိတ်အပြည့်ဖြင့် တိုင်းရင်းသားအားလုံးနှင့်အတူ အသက်၊ သွေး၊ ချွေးစတေး၍ တိုက်ပွဲဝင်ခဲ့ကြသည်မှာ လေးစားဂုဏ်ယူဖွယ်ရာဖြစ်ပါသည်။

ကရင်ပြည်နယ်၏ အထင်ကရနေရာအမှတ်အသားသည် ဇွဲကပင်တောင်ဖြစ်သကဲ့သို့ ကရင်တိုင်းရင်းသားတို့၏ ကိုယ်စားပြုယဉ်ကျေးမှုသင်္ကေတမှာ ဖားစည်နှင့် ကျွဲချိုဖြစ်ပါသည်။ ကရင်မျိုးနွယ်စုအားလုံးတို့သည် နှစ်သစ်ကူးပွဲ၊ အိမ်သစ်တက်ပွဲ၊ ကောက်သစ်စားပွဲ၊ လိပ်ပြာခေါ်ပွဲ၊ ဝါခေါင်လချည်ဖြူဖွဲ့ မင်္ဂလာပွဲတော်စသည့် ဘာသာရေးဆိုင်ရာနှင့် ရိုးရာပွဲတော်များကို သတ်မှတ်ကာလအလိုက် ပြုလုပ်ကျင်းပကြပါသည်။ ထို့ပြင် ကရင်လူမျိုးတို့၏ ကရင်ဒုံးအကသည် မြူးကြွသွက်လက်၍ လူကြိုက်များသောအကဖြစ်ပြီး ပြည်တွင်း၌သာမက ကမ္ဘာအနှံ့အထိ ပျံ့နှံ့ကာ နိုင်ငံတကာက စိတ်ဝင်စားနှစ်ခြိုက် မြတ်နိုးကြသည့် မိမိတို့တိုင်းရင်းသား ကိုယ်ပိုင်ယဉ်ကျေးမှုအကတစ်ခု ဖြစ်ပါသည်။

မြန်မာနိုင်ငံအတွင်း နေထိုင်ကြသည့် ကရင်တိုင်းရင်းသားများနှင့် အနယ်နယ်အရပ်ရပ်ရှိ ကရင်တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအားလုံးအနေဖြင့် စည်းလုံးညီညွတ်ခြင်းများနှင့်အတူ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းများကို သားစဉ်မြေးဆက် လက်ဆင့်ကမ်းထိန်းသိမ်းစောင့်ရှောက်သွားကြရမည်ဖြစ်ပါသည်။ တိုင်းရင်းသားအားလုံးတို့သည် မိမိတို့၏ကောင်းမြတ်သော အစဉ်အလာများကို အစဉ်အမြဲထိန်းသိမ်းစောင့်ရှောက်သွားမည်ဆိုပါက ပြည်ထောင်စုကြီး စည်းလုံးညီညွတ်စွာဖြင့် အရှည်တည်တံ့ခိုင်မြဲနေမည်ဖြစ်ပါသည်။

ထို့ကြောင့် ကရင်တိုင်းရင်းသားများအနေဖြင့် မိမိတို့၏ တိုင်းရင်းသားစာပေ၊ ဘာသာစကား၊ ယဉ်ကျေးမှု၊ အနုပညာ၊ ရိုးရာဓလေ့ထုံးတမ်း၊ သမိုင်းအမွေအနှစ်များ ဘိုးဘွားဘီဘင် အစဉ်အဆက် လက်ဆင့်ကမ်း ထိန်းသိမ်းလာခဲ့ကြသကဲ့သို့ ရိုးသားမှု၊ ကြိုးစားမှု၊ သစ္စာရှိမှု၊ တိကျပြတ်သားစွာ ဆောင်ရွက်တတ်မှု စသည့်အစဉ်အလာကောင်းများကို နောင်အနာဂတ် တိုင်းရင်းသားလူငယ်မျိုးဆက်သစ်များက ဆက်လက်ထိန်းသိမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါသည်။

**ချစ်ခင်လေးစားအပ်ပါသော တိုင်းရင်းသား မိဘပြည်သူညီအစ်ကိုမောင်နှမများ ခင်ဗျာ–**

မိမိတို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် တိုင်းရင်းသားပြည်သူများ၏ ဆန္ဒနှင့်အညီ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးတည်ဆောက်ရေးအတွက် ရည်မှန်းချက်များနှင့် ရှေ့လုပ်ငန်းစဉ် (၅)ရပ်၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက် ( ၉ ) ရပ်တို့ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများနှင့် ဝန်ကြီးဌာနများနှင့်အတူ ဒေသအလိုက် အကောင်အထည်ဖော် ဆောင်ရွက်ရသော တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအစိုးရအဖွဲ့များက ရည်မှန်းချက်များအောင်မြင်ရေး အလေးထားအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

မိမိတို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသား ပြည်သူများအားလုံး ပူးပေါင်း၍ ညီညီညွတ်ညွတ် ဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။ နိုင်ငံတော်အနေဖြင့် ပြည်သူများအတွက် တည်ငြိမ်အေးချမ်းရေးနှင့် အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုး၊ မွေးမြူရေးကို ဦးစားပေး ဆောင်ရွက်ပေးလျက်ရှိပါသည်။ ၎င်းမှတစ်ဆင့် ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်လာစေရန် ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိပါသည်။

၎င်းအပြင် နိုင်ငံနှင့်ပြည်သူလူထုအတွက် အကျိုးရှိပြီး ရေရှည်အာမခံချက်ရှိသော စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံနိုင်ပါက လုပ်ငန်းရှင်၊ အလုပ်သမား၊ နိုင်ငံတော်နှင့် ပြည်သူအကျိုးများစွာ ရရှိနိုင်သည့်အတွက် ရင်းနှီးမြှုပ်နှံမှုများကို အားပေးဆောင်ရွက်လျက်ရှိပါသည်။ မိမိတို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံ့စီးပွားရေးအင်အားတောင့်တင်းခိုင်မာရန်မှာလည်း အဓိကလိုအပ်ချက်တစ်ရပ်ဖြစ်ပါသည်။ ဒေသအလိုက် စိုက်ပျိုးရေးနှင့် မွေးမြူရေးသဘာဝထွက်ကုန်များကို အခြေခံသော MSME လုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နိုင်ရေးအတွက် အခြေခံသွင်းအားစုများ တိုက်ရိုက်တင်သွင်းနိုင်ရေးဆောင်ရွက်၍ စီးပွားရေးကို မြှင့်တင်ကြရမည်ဖြစ်ပါသည်။

ပြည်နယ်အတွင်း ထွက်ရှိသည့် ကုန်ကြမ်းများကို အခြေပြုပြီး **“ဒေသတစ်ခု ထုတ်ကုန်တစ်ခု”** ဖြစ်အောင် ကြိုးစားလုပ်ဆောင်သွားနိုင်ပါက တိုင်းရင်းသားတို့၏ လူမှုစီးပွားဘဝကို မြှင့်တင်ပေးနိုင်မည်ဖြစ်ပြီး တစ်ဖက်တစ်လမ်းကလည်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုမည်ဖြစ်ကြောင်း တိုက်တွန်းမှာကြားလိုပါသည်။

**ချစ်ခင်လေးစားအပ်ပါသော တိုင်းရင်းသား မိဘပြည်သူညီအစ်ကိုမောင်နှမများ ခင်ဗျာ–**

ယခုအချိန်တွင် ကရင်ပြည်နယ် ဒေသအချို့အပါအဝင် နိုင်ငံတော်အတွင်း ဖြစ်ပေါ်နေသည့် ပဋိပက္ခများကြောင့် နိုင်ငံတော်နှင့် ပြည်သူအားလုံး ဘက်ပေါင်းစုံမှ များစွာထိခိုက်နစ်နာမှုများ ဖြစ်ပေါ်လျက်ရှိပါသည်။ အမှန်တရားအပေါ် အခြေမပြုဘဲ ပြည်တွင်းပြည်ပ သွေးထိုးမြှောက်ပင့်မှုများနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့၏ အားပေးကူညီမှုများကြောင့်ဖြစ်ပေါ်နေသည့် ဆူပူအကြမ်းဖက်မှုများနှင့် တိုက်ပွဲများ၏ ဆိုးကျိုးနှင့် ဆင်းရဲဒုက္ခကို လက်တွေ့ခံစားနေကြရသူများမှာ တိုင်းရင်းသားပြည်သူများသာ ဖြစ်ပါသည်။ အသက်ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်ကြရပြီး စားဝတ်နေရေး၊ ကျန်းမာရေး၊ ပညာရေး စသည့်ဘက်ပေါင်းစုံတွင် အခက်အခဲများစွာကို ရင်ဆိုင်နေကြရပါသည်။ အချိန်ကာလကြာမြင့်စွာ အချိန်ယူတည်ဆောက်ခဲ့ရသည့် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုများမှာ ပျက်စီးဆုံးရှုံးပြီး မူလအခြေအနေပြန်လည်ရရှိရန် အချိန်ကာလ၊ လူအင်အား၊ ငွေအင်အားဘက်ပေါင်းစုံမှ ကြိုးစားတည်ဆောက်ကြရမည်ဖြစ်ပါသည်။

နိုင်ငံအတွင်းဖြစ်ပွားနေသည့် ဆူပူအကြမ်းဖက်မှုများနှင့် လက်နက်ကိုင်ပဋိပက္ခများကြောင့် ပျက်စီးဆုံးရှုံးသွားသမျှသော အသက်ခန္ဓာများနှင့် အရာဝတ္ထုအားလုံးမှာ မိမိတို့နိုင်ငံ၏ အဖိုးတန်အရင်းအမြစ်များပင်ဖြစ်ပါသည်။ တည်ငြိမ်အေးချမ်းမှုမရှိသော နေရာဒေသသည် ဖွံ့ဖြိုးတိုးတက်မှုနှင့် သာယာဝပြောမှု ကင်းဝေးလျက် ဒေသခံတိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝမှာလည်း နိမ့်ကျလျက်ရှိနေမည်ဆိုသည့်အချက်ကို အားလုံးက သတိပြုအလေးအနက်ထားကြစေလိုပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ဒို့တာဝန်အရေးသုံးပါးဖြစ်သည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို အမျိုးသားရေးခံယူချက်ဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါအမျိုးသားရေးလုပ်ငန်းသုံးရပ်ကို အခြေခံသော ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် နိုင်ငံတော်ကို တည်ဆောက်ပေးထားခြင်းဖြစ်ပြီး ခိုင်ခိုင်မာမာ ဆောင်ရွက်ထားခြင်းဖြစ်သဖြင့် လုံးဝအထိခိုက်ခံမည် မဟုတ်ပါကြောင်း အလေးအနက် ပြောကြားလိုပါသည်။

ထို့ပြင် နိုင်ငံတော်ငြိမ်းချမ်းရေးအတွက် အစဉ်ထာဝရ တံခါးဖွင့်ကြိုဆိုလျက်ရှိပြီး အခက်အခဲမှန်သမျှကို လက်နက်ကိုင်လမ်းစဉ်ဖြင့် မဖြေရှင်းဘဲ ဆွေးနွေးညှိနှိုင်းခြင်းဖြင့် NCA ပါ သဘောတူညီချက်များနှင့်အညီ လက်တွဲဖြေရှင်းဆောင်ရွက်နိုင်ကြပါရန် တိုင်းရင်းသားအဖွဲ့အစည်းများအားလုံးကို အမြဲလက်ကမ်းဖိတ်ခေါ် ကြိုဆိုလျက်ရှိပါကြောင်း ထပ်လောင်းပြောကြားလိုပါသည်။

ယနေ့ မိမိတို့နိုင်ငံအတွက် လိုအပ်လျက်ရှိသော တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကရင်ပြည်နယ်အပါအဝင် တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်မှသာလျှင် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံအဖြစ် ကမ္ဘာ့အလယ်တွင် ရပ်တည်နိုင်မည်ဖြစ်ပါသည်။ မိမိတို့နေထိုင်ရာဒေသများတွင် တိုက်ပွဲများနှင့် ဆူပူအကြမ်းဖက်မှုများ လျော့နည်းပပျောက်လာအောင် အချင်းချင်းဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ပြီး တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်စွာဖြင့် ပြည်ထောင်စုကြီး အေးချမ်းသာယာဝပြောရေး ဆောင်ရွက်ကြကာ နိုင်ငံနှင့် ပြည်သူအကျိုးကို အကောင်အထည်ဖော်ဆောင်ရွက်ပေးကြပါရန် တိုက်တွန်းနှိုးဆော်လျက် ကရင်အမျိုးသားနှစ်သစ်ကူးနေ့သဝဏ်လွှာပေးပို့အပ်ပါသည်။

ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ
သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်
နိုင်ငံတော်ဝန်ကြီးချုပ်
ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# ◆ မြန်မာနိုင်ငံအနေဖြင့် အာဆီယံဘုံသဘောတူညီချက်(၅)ရပ်အပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ချမှတ်ဆောင်ရွက်လျက်ရှိသည့် ရှေ့လုပ်ငန်းစဉ်များနှင့် ချိန်ညှိအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု အခြေအနေများနှင့်ပတ်သက်၍ ရင်းရင်းနှီးနှီးဆွေးနွေး

❍ *ရှေ့ဖုံးမှ*

ထိုသို့တွေ့ဆုံရာတွင် လာအိုနိုင်ငံနှင့် မြန်မာနိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ကောင်းမွန်လျက်ရှိသည့် အခြေအနေများ၊ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲတွင် မဲမသမာမှုဖြစ်ပွားခဲ့ခြင်းကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်တာဝန်များကို ထမ်းဆောင်ခဲ့ရမှု၊ နိုင်ငံရေးသဘောထားကွဲလွဲမှုကို နိုင်ငံရေးအရဖြေရှင်းမှုမပြုဘဲ လက်နက်ကိုင် အကြမ်းဖက်မှုများ လုပ်ဆောင်လာမှု၊ နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် အမျိုးသားရင်ကြားစေ့ရေးအတွက် နိုင်ငံတော်အစိုးရအနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိမှု၊ ပြည်သူများလိုလားသည့် ပါတီစုံ ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာရှိစေရေး တပ်မတော်အနေဖြင့် အခိုင်အမာရပ်တည်ဆောင်ရွက်လျက်ရှိမှု၊ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီအစိုးရအနေဖြင့် ရှေ့လုပ်ငန်းစဉ် (၅) ရပ်ချမှတ်၍ နိုင်ငံတည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဆောင်ရွက်လျက်ရှိမှု၊ နိုင်ငံရေးမျှော်မှန်းချက်နှင့် အမျိုးသားရေးမျှော်မှန်းချက်များ ချမှတ်ဆောင်ရွက်လျက်ရှိမှု၊ မြန်မာနိုင်ငံအနေဖြင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးကိစ္စရပ်များတွင် အပြည့်အဝ ပူးပေါင်းဆောင်ရွက်လျက်ရှိမှု၊ ၂၀၂၄ ခုနှစ်၊ အာဆီယံအလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်သည့်အချိန်၌ ဦးစားပေးအကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းများကိစ္စ၊ မြန်မာနိုင်ငံအနေဖြင့် အာဆီယံဘုံသဘောတူညီချက်(၅)ရပ်အပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ချမှတ်ဆောင်ရွက်လျက်ရှိသည့် ရှေ့လုပ်ငန်းစဉ်များနှင့် ချိန်ညှိအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု အခြေအနေများနှင့်ပတ်သက်၍ ရင်းရင်းနှီးနှီးဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အာဆီယံဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူး ကိုယ်စားလှယ်တို့သည် တက်ရောက် လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး အာဆီယံဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ လာအိုနိုင်ငံသံအမတ်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အာဆီယံဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်ဖြစ်သူ H.E. Mr. Alounkeo Kittikhoun အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။



**စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ အာဆီယံဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်ဖြစ်သူ H.E. Mr. Alounkeo Kittikhoun ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့နှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

# ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အာဆီယံဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာအထူးကိုယ်စားလှယ်အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၁၀**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် အာဆီယံဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာအထူးကိုယ်စားလှယ် H.E. Alounkeo Kittikhoun ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ PARK ROYAL ဟိုတယ် နီလာခန်းမ၌ တွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်နှင့်အညီ အာဆီယံတူညီဆန္ဒ (၅) ချက် အကောင်အထည်ဖော်ဆောင်ရာတွင် တိုးတက်မှုများရရှိရန် အာဆီယံအလှည့်ကျဥက္ကဋ္ဌ၊ အာဆီယံဥက္ကဋ္ဌ၏ အထူးကိုယ်စားလှယ်တို့နှင့် ရှေ့ဆက်ပူးပေါင်းဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များ၊ လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အကောင်အထည်ဖော်ဆောင်ရွက်မှုနှင့် လက်ရှိ ပြည်တွင်းနိုင်ငံရေး ဖြစ်ပေါ်တိုးတက်မှု အခြေအနေများကိုလည်း ရှင်းလင်းပြောကြားခဲ့သည်။

**သတင်းစဉ်**



❖ *ကျောဖုံးမှ*

အမှာစကားပြောကြားရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ စီးပွားရေး ဦးတည်ချက်(၃)ရပ်အနက် ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန် ဦးတည်ချက်ချမှတ်ထားပါကြောင်း၊ အဆိုပါဦးတည်ချက်ကို အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် အထူးစီးပွားရေးဇုန်အလိုက် SOP များကို စနစ်တကျရေးဆွဲပြီး လက်တွေ့ကျကျလုပ်ကိုင်နိုင်ရန် နိုင်ငံတကာ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြန်မာအထူးစီးပွားရေးဇုန် ဥပဒေ ၂၀၁၄ ကို ထုတ်ပြန်ပြီး One Stop Service များနှင့် စီမံဆောင်ရွက်ရန် ရှိပါကြောင်း။

## ရင်းနှီးမြှုပ်နှံမှုအသစ်များဖိတ်ခေါ်

ထိုသို့ ဆောင်ရွက်ရာတွင် ဇုန်များတွင် ရှိပြီးသားဖြစ်သည့် ရင်းနှီးမြှုပ်နှံမှုများကို လျော့ကျမသွားအောင် ဆက်လက်ထိန်းသိမ်း ဆောင်ရွက်သွားကြရန်လိုကြောင်း၊ အလားတူ တစ်ဖက်ကလည်း ရင်းနှီးမြှုပ်နှံမှုအသစ်များ ထပ်မံဝင်ရောက်လာနိုင်ရန်အတွက် နည်းလမ်းမျိုးစုံဖြင့် ဖိတ်ခေါ်ရမည်ဖြစ်ကြောင်း၊ သို့မှသာ နိုင်ငံတော်စီးပွားရေးကို တစ်ဖက်တစ်လမ်းမှ များစွာအထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ MSME လုပ်ငန်းများကလည်း ယင်းနှင့်ဆက်နွှယ်ပြီး လုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ အထူးစီးပွားရေးဇုန်များကို ယခုထက်ပိုမိုကောင်းမွန်အောင် ဦးဆောင်နိုင်ရန်အတွက် သက်ဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီများအလိုက် ဖွဲ့စည်းပေးထားသည်များရှိပါကြောင်း၊ ယင်းအပေါ်တွင်လည်း စီမံခန့်ခွဲရေးကော်မတီများက မိမိတို့ ဇုန်အလိုက် အထူးစီးပွားရေးဇုန်များ အောင်မြင်အောင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

သီလဝါအထူးစီးပွားရေးဇုန်အနေဖြင့် ယခုထက်ပို၍ ထိထိရောက်ရောက်ရှိပြီးသား ရင်းနှီးမြှုပ်နှံမှုများနှင့် အသစ်ရင်းနှီးမြှုပ်နှံမှုများ လျော့ကျမသွားအောင် နည်းမျိုးစုံဖြင့် ထိန်းသိမ်းပြီး တိကျသေချာစနစ်ကျသည့်လုပ်ငန်းအဖြစ် ယင်းတွင်ရှိသည့် လုပ်ငန်းများကို One Stop Service ဆောင်ရွက်ပေးမှုအပေါ်မူတည်၍ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ လက်ရှိမြန်မာနိုင်ငံတွင် စီးပွားရေးဇုန် သုံးခု အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ လက်ရှိအနေဖြင့် အထူးစီးပွားရေးဇုန် သုံးခုအနက် သီလဝါအထူးစီးပွားရေးဇုန်သည် အောင်မြင်စွာဖြင့် ချီတက်နေပါကြောင်း၊ အောင်မြင်စွာ ချီတက်နေသည့်နေရာတွင်လည်း မိမိနိုင်ငံအတွင်းတွင်ရှိသည့် အနေအထားကို ပြောရခြင်းဖြစ်ပါကြောင်း၊ နိုင်ငံတကာနှင့်ယှဉ်ပါက မိမိတို့အထူးစီးပွားရေးဇုန်များ၏ အရေအတွက်မှာ အင်မတန်နည်းနေပါကြောင်း၊ ယင်းကိစ္စကိုလည်း ကော်မတီအဖွဲ့ဝင်များအားလုံးက မှတ်သားထားပြီး ယခုထက် အထူးစီးပွားရေးဇုန်များ ပေါ်ထွက်လာအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

## အားလုံးဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်

ကျောက်ဖြူအထူးစီးပွားရေးဇုန်နှင့် ထားဝယ်အထူးစီးပွားရေးဇုန် နှစ်ခုကို အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် အားလုံးဝိုင်းဝန်းပြီး ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ သီလဝါအထူးစီးပွားရေးဇုန်အနေဖြင့် လုပ်ငန်းများကို မြန်မာနိုင်ငံ၏ အတိုင်းအတာအရ ဆောင်ရွက်နိုင်သည့်အတွက် အောင်မြင့်သင့်သမျှအောင်မြင်ပါကြောင်း၊ အထူးစီးပွားရေးဇုန်အတွင်း လုပ်ငန်းများဆောင်ရွက်မှု အစီအစဉ် စနစ်ကျနမှု၊ ဝန်ထမ်းများ၏ One Stop Service အရည်အသွေးကောင်းမွန်မှုနှင့် တာဝန်ကျေပွန်စွာထမ်းဆောင်မှုတို့ကြောင့် အရှေ့တောင်အာရှအတွင်း နာမည်ရသည့် အထူးစီးပွားရေးဇုန်တစ်ခု ဖြစ်ပါကြောင်း။

ယင်းစီးပွားရေးဇုန်ကိုလည်း လက်ရှိရင်းနှီးမြှုပ်နှံမှုရှိပြီးသားထဲမှ လျော့ကျမသွားအောင် ထိန်းသိမ်းကြရမည်ဖြစ်ကြောင်း၊ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးတက်အောင် ဖိတ်ခေါ်ရမည်ဖြစ်ကြောင်း၊ ဖိတ်ခေါ်ရာတွင်လည်း တစ်ဖက်မှာရှိသည့် အောင်မြင်မှုအတိုင်းအတာအပေါ်မူတည်၍ အောင်မြင်မှုရှိပြီး လုပ်သာကိုင်သာရှိမှသာ လာရောက်ရင်းနှီးမြှုပ်နှံမှုများ ရှိမည်ဖြစ်ကြောင်း။

သီလဝါအထူးစီးပွားရေးဇုန်တွင် ၂၀၂၃ ခုနှစ် နိုဝင်ဘာလအထိ ရင်းနှီးမြှုပ်နှံမှု နိုင်ငံပေါင်း ၂၃ နိုင်ငံ၊ ကုမ္ပဏီပေါင်း ၁၁၄ ခု၊ ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၂ ဒသမ ၁ ဘီလီယံ ရှိပါကြောင်း၊ ယင်းကုမ္ပဏီများ၏ ပထမတစ်နှစ်တာ အလုပ်အကိုင်ဖန်တီးနိုင်မှုခန့်မှန်းခြေ အလုပ်သမားဦးရေ ၃၇၀၀၀ ကျော်နှင့် ပြည်ပပညာရှင်၊ ပြည်ပအလုပ်သမား ၈၈၇ ဦး ဖြစ်ပါကြောင်း၊ သို့သော်လည်း အလုပ်အကိုင်ဖန်တီးနိုင်မှုအရေအတွက် နည်းနေပါကြောင်း၊ တစ်ဖက်ကလည်း ရင်းနှီးမြှုပ်နှံမှုများ အသစ်ထပ်မံတိုးပွားလာမှုအပေါ် မူတည်ပြီး ပညာရှင်များနှင့် အလုပ်သမားများ အလုပ်အကိုင်ရရှိရေး ပိုမိုရရှိလာမည်ဖြစ်ကြောင်း။

ဇုန်အလိုက် ကြည့်မည်ဆိုပါက Free Zone တွင် နိုဝင်ဘာလအထိ ကုမ္ပဏီ ၂၅ ခုရှိပြီး Promotion Zone တွင် ကုမ္ပဏီ ၃၈ ခု ရှိပါကြောင်း၊ ယင်းတို့မှ တင်သွင်းသည့်တန်ဖိုးပမာဏမှာ ကျပ်သန်းပေါင်း ၈၉ ဘီလီယံကျော်ရှိပြီး အကောက်အခွန်ရရှိသည့်ငွေမှာလည်း ၆၀၆ သန်းကျော်၊ ကုန်သွယ်လုပ်ငန်း အခွန်ဝင်ငွေမှာ ၁ ဒသမ ၈ ဘီလီယံ၊ ကြိုတင်ဝင်ငွေခွန်က ကျပ်သန်းပေါင်း ၇၅၇ သန်းရှိပါကြောင်း၊ အားလုံးကို ခြုံကြည့်ပါက နိုဝင်ဘာလအတွင်း ပို့ကုန်ပမာဏမှာ အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၉၅ သန်းဖြစ်ပြီး သွင်းကုန်ပမာဏမှာ အမေရိကန်ဒေါ်လာ ၄၂ ဒသမ ၅၆၇ သန်းဖြစ်သည့်အတွက် ကုန်သွယ်မှုပမာဏ နှစ်ခုပေါင်း အမေရိကန်ဒေါ်လာ ၅၅ ဒသမ ၅၁၇ သန်းဖြစ်ပါကြောင်း၊ ယင်းကို ကြည့်ပါက ပို့ကုန်တန်ဖိုးနှင့် သွင်းကုန်တန်ဖိုး ကွာဟချက်များနေသည်ကို တွေ့ရကြောင်း၊ အထူးသဖြင့် Promotion Zone တွင် ရှိနေသည့် ကုမ္ပဏီများသည် ၂၀၁၄ ခုနှစ် မြန်မာအထူးစီးပွားရေးဇုန်ဥပဒေတွင် ပါဝင်သည်များနှင့် မလွတ်အောင် ဥပဒေဘောင်အတွင်းမှ ဆောင်ရွက်ပါက အတတ်နိုင်ဆုံး ပြည်တွင်းတွင် နိုင်ငံခြားသုံးငွေကို လျော့နည်းသွားအောင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ဆောင်ရွက်ကာ နိုင်ငံတော်အကြီးအကဲကိုလည်း တင်ပြခဲ့ပြီးနောက် လုပ်ငန်းကော်မတီ ဦးဆောင်၍ နှစ်ဖက်ညှိနှိုင်းဆောင်ရွက်ခဲ့မှုကြောင့် ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၂၆ ရက်တွင် ကျောက်ဖြူအထူးစီးပွားရေးဇုန် ရေနက်စီမံကိန်း လုပ်ကိုင်ခွင့်သဘောတူစာချုပ်၏ နောက်ဆက်တွဲစာချုပ်ကို လက်မှတ်ရေးထိုးနိုင်ခဲ့ပါကြောင်း၊ လက်မှတ်ရေးထိုးပြီးသည့် နောက်ပိုင်းတွင်လည်း Long Stop Date ဒီဇင်ဘာ ၂၆ ရက်မှစ၍ ၁၈ လတာကာလ ထပ်မံသက်တမ်းတိုးခဲ့ရာ အဆိုပါကာလအတွင်း လုပ်ဆောင်ရမည့် Condition Precedent များကို တစ်ဆင့်ပြီးတစ်ဆင့် မြန်မြန်ဆန်ဆန်ဖြင့် ဆောင်ရွက်မည်ဆိုပါက အမြန်ဆုံးကျောက်ဖြူစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

## များစွာအထောက်အကူပြုသည့် စီမံကိန်းတစ်ခုဖြစ်

အဆိုပါ စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ပါက ဒေသခံများ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိပြီး ထိုမှတစ်ဆင့် ကျွမ်းကျင်လုပ်သားများ ပေါ်ထွက်လာကာ ကျန်စီးပွားရေးဇုန်များကို အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် အထူးစီးပွားရေးဇုန်နှင့် ပတ်သက်၍ သတ်မှတ်ထား

❒ **ဇုန်များတွင် ရှိပြီးသားဖြစ်သည့် ရင်းနှီးမြှုပ်နှံမှုများကို လျော့ကျမသွားအောင် ဆက်လက်ထိန်းသိမ်းဆောင်ရွက်သွားကြရန်လို**

❒ **အလားတူ တစ်ဖက်ကလည်း ရင်းနှီးမြှုပ်နှံမှုအသစ်များ ထပ်မံဝင်ရောက်လာနိုင်ရန်အတွက် နည်းလမ်းမျိုးစုံဖြင့် ဖိတ်ခေါ်ရမည်၊ သို့မှသာ နိုင်ငံတော်စီးပွားရေးကို တစ်ဖက်တစ်လမ်းမှ များစွာအထောက်အကူပြုနိုင်မည်ဖြစ်**

❒ **သီလဝါအထူးစီးပွားရေးဇုန်တွင် ၂၀၂၃ ခုနှစ် နိုဝင်ဘာလအထိ ရင်းနှီးမြှုပ်နှံမှု နိုင်ငံပေါင်း ၂၃ နိုင်ငံ၊ ကုမ္ပဏီပေါင်း ၁၁၄ ခု၊ ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၂ ဒသမ ၁ ဘီလီယံရှိ၊ ယင်းကုမ္ပဏီများ၏ ပထမတစ်နှစ်တာ အလုပ်အကိုင်ဖန်တီးနိုင်မှု ခန့်မှန်းခြေ အလုပ်သမားဦးရေ ၃၇၀၀၀ ကျော်နှင့် ပြည်ပပညာရှင်၊ ပြည်ပအလုပ်သမား ၈၈၇ ဦးဖြစ်**

## ထုတ်ကုန်အရည်အသွေးကောင်းအောင် လုပ်ဆောင်

သီလဝါအထူးစီးပွားရေးဇုန်၏ ပို့ကုန်၊ သွင်းကုန်ကို ကြည့်ပါက နိုဝင်ဘာလအတွင်း ပြည်ပသို့တင်ပို့သည့် ကုန်စည်အမျိုးအစားများသည် အဝတ်အထည်၊ ဆော်လမွန်ငါး၊ သန့်စင်ပြီး သတ္တုပစ္စည်းများ၊ ပလတ်စတစ်ကုန်ချောစစ်ပစ္စည်းနှင့် မော်တော်ယဉ်အပိုပစ္စည်း ငါးမျိုးတို့ဖြစ်ကြောင်း၊ သွင်းသည့်ကုန်စည်များသည် ပြည်တွင်းတွင်သုံးသည့် လယ်ထွန်စက်အပိုကုန်ပစ္စည်းများ၊ အခြားကုန်ကြမ်းပစ္စည်းများ၊ အဝတ်အထည်ချုပ်ကုန်ပစ္စည်းများ၊ အလူမီနီယံကုန်ကြမ်းပစ္စည်းများနှင့် မော်တော်ယာဉ်ပစ္စည်းဖြစ်သည်ကို တွေ့ရကြောင်း၊ ယင်းထဲတွင် ဗဟိုကော်မတီမှ လမ်းညွှန်ခဲ့သည့် သီလဝါအထူးစီးပွားရေးဇုန်ကိုလည်း ပြည်တွင်းမှာရှိသည့် MSME လုပ်ငန်းများကပေါင်းစပ်ပြီး ထုတ်ကုန်များကို ပြည်ပသို့တင်သွင်းရာတွင် နိုဝင်ဘာလအတွင်းတွင် MSME လုပ်ငန်းများ၏ ကုန်ကြမ်းပစ္စည်းနှင့် ပြည်တွင်းထုတ်ကုန်များ၏ အခြားသောပစ္စည်းများ တင်သွင်းမှုသည် မြန်မာကျပ်ငွေ ၁ ဒသမ ၃ ဘီလီယံကျော် တင်ပို့နိုင်ခဲ့ပါကြောင်း၊ ယင်းသည် ခြေလှမ်းအစဖြစ်ပြီး ယခုထက်ပို၍ MSME လုပ်ငန်းက ထွက်ရှိသည့် ပြည်တွင်းထုတ်ကုန်ကုန်ကြမ်းများနှင့် အခြားသောပစ္စည်းများကို ယခုထက် တင်ပို့နိုင်ရန်နှင့် မြန်မာကျပ်ငွေအစားနိုင်ငံခြားငွေရရှိရန် မိမိတို့၏ ထုတ်ကုန်အရည်အသွေးပိုမိုပြီးကောင်းအောင် ဆက်လက်လုပ်ဆောင်သွားကြရမည်ဖြစ်ကြောင်း။

လျှပ်စစ်ကိစ္စနှင့်ပတ်သက်၍ ဆိုလာစနစ်ဖြင့် အသုံးပြုရန် ကုမ္ပဏီသုံးခု ဆွေးနွေးခဲ့ပြီး လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသို့ ဆိုလာနှင့်ပတ်သက်၍ လာရောက်ဆွေးနွေးခဲ့သည်ကို သိရှိရကြောင်း၊ Solar Power နှင့် Solar Plant တို့မှ လျှပ်စစ်ဓာတ်အားရရှိပါကလည်း ဇုန်အတွင်းမှုလသုံးစွဲရမည့် လျှပ်စစ်ဓာတ်အားကို အခြားလိုအပ်သည့်နေရာတွင် သုံးစွဲနိုင်မည်ဖြစ်သည့်အတွက် သီလဝါအထူးစီးပွားရေးဇုန်အတွင်း ဆိုလာလျှပ်စစ်မီးရရှိရေးအတွက် ဝိုင်းဝန်းအားပေး ဆောင်ရွက်ပေးကြရန်လိုကြောင်း။

## ကော်မတီကို အသစ်ပြန်လည်ဖွဲ့စည်း

ဆက်လက်၍ ကျောက်ဖြူအထူးစီးပွားရေးဇုန်ကို ၂၀၂၁ ခုနှစ် မိမိတို့အစိုးရ တာဝန်ယူခဲ့သည့်အချိန်တွင် စီမံခန့်ခွဲမှုကော်မတီကို အသစ်ပြန်လည်ဖွဲ့စည်းခဲ့ပါကြောင်း၊ ဖွဲ့စည်းပြီးသည့်အခါတွင်လည်း ဖြစ်သင့်ဖြစ်ထိုက်သည်များဖြစ်အောင်၊ မဖြစ်သင့်မဖြစ်ထိုက်သည်များ မဖြစ်အောင်၊ နိုင်ငံအတွက် နစ်နာမှုမရှိအောင် ရည်ရွယ်ပြီး စိစစ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ သို့သော်လည်း နောက်ပိုင်းတွင် ညှိနှိုင်းမည့် စီမံခန့်ခွဲမှုကော်မတီက နိုင်ငံတော်အကျိုးစီးပွားကို အဓိကထားပြီး တင်းကျပ်စွာ ညှိနှိုင်းဆောင်ရွက်သည့်အတွက် မကြာသင့်သည့်အချိန်နှင့် အဆင်မပြေမှုများကြောင့် နှစ်နှစ်တာကာလအတွင်း အခက်အခဲများ တွေ့ကြုံခဲ့ရပါကြောင်း၊ ထို့ကြောင့် နောက်ပိုင်းတွင် ဗဟိုကော်မတီအဆင့်က ဝိုင်းဝန်းဆွေးနွေးပြီး နှစ်ဖက် Win-Win Solution ဖြစ်အောင် ညှိနှိုင်းသည့်ကာလအလိုက် အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း၊ ညှိနှိုင်းမှုများကို နှီးဆော်တာဝန်ယူပေးသည့် ဗဟိုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌနှင့် ကြိုတင်ညှိနှိုင်းဆွေးနွေးခဲ့ကြသည့် ကျွမ်းကျင်ပညာရှင်များ၏ ကြိုးပမ်းဆောင်ရွက်မှုများကို အသိအမှတ်ပြုပါကြောင်း၊ ထိုသို့အောင်မြင်အောင် ညှိနှိုင်းမှုများ ဆောင်ရွက်နိုင်ခဲ့ခြင်းသည် မိမိတို့ ဗဟိုကော်မတီ၏ အောင်မြင်မှုတစ်ခုပင်ဖြစ်ကြောင်းနှင့် ကျောက်ဖြူအထူးစီးပွားရေးဇုန် အမြန်ဆုံးစတင်လုပ်ငန်းလည်ပတ်နိုင်ရေးအတွက် အားလုံးဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်ခြင်းသည် နှစ်နိုင်ငံချစ်ကြည်ရေးကိုရှေးရှု၍ နှစ်နိုင်ငံ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူပြုသည့် စီမံကိန်းတစ်ခုဖြစ်ပါကြောင်း။

တတိယစီမံကိန်းမှာ ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်းဖြစ်ပြီး ၂၀၀၈ ခုနှစ်ကတည်းက အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် တာဝန်ပေးထားသည့် အီတာလျံ–ထိုင်းကုမ္ပဏီက ရှေ့ဆက်မတိုးနိုင်ဘဲ လုပ်ငန်းရပ်စဲထားခဲ့ပါကြောင်း၊ ဆက်လက်ပြီး ဖြေရှင်းဆောင်ရွက်ရမည့်အနေအထားများလည်း ရှိပါကြောင်း၊ သို့သော်လည်း ထိုင်းနိုင်ငံ၏ နိုင်ငံရေး အပြောင်းအလည်းကြောင့် ထားဝယ် အထူးစီးပွားရေးဇုန်ကို ထိုင်းနိုင်ငံအစိုးရနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရန်

*စာမျက်နှာ ၆ သို့*

*စာမျက်နှာ ၅ မှ*

အစီအစဉ်ရှိနေသည်ကို သိရပါကြောင်း၊ လက်ရှိထိုင်းအစိုးရအနေဖြင့် ထားဝယ်အထူးစီးပွားရေးဇုန်ကိစ္စကို စိတ်ဝင်စားပြီး ပြန်လည်ဆက်သွယ်လာသည့် အနေအထားများရှိသည့်အတွက် ယင်းအပေါ်တွင် မိမိတို့အနေဖြင့် လိုအပ်သလို ပူးပေါင်းဆောင်ရွက်သွားရန်လိုကြောင်း။

**ဝိုင်းဝန်းအကြံပြုဆွေးနွေး**

ထိုင်းနိုင်ငံ၏ လက်ရှိအစိုးရမူဝါဒအနေဖြင့် ထိုင်းနိုင်ငံ အရှေ့ပိုင်းပြည်နယ်တွင် အထူးစီးပွားရေးဇုန်တည်ထောင်ပြီး အရှေ့စီးပွားရေးစင်္ကြံ (Eastern Economic Corridor)ကို အကောင်အထည်ဖော်ဆောင်ရွက်နေပြီး ထားဝယ် အထူးစီးပွားရေးဇုန်စီမံကိန်းနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်မည်ဟု ယူဆပါကြောင်း၊ တစ်ဖက်တွင်လည်း ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီအနေဖြင့် ရင်းနှီးတည်ဆောက်သူအသစ် ရွေးချယ်၍ ကုန်ကျစရိတ်များသာရှိပြီး ဝင်ငွေမရှိသည့် Special Purpose Vehicle (SPV) ဖျက်သိမ်းရေးကိစ္စရပ်များကို အမြန်ဆုံး ပြီးပြတ်အောင် ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ ယနေ့အစည်းအဝေးတွင် ခြောက်လတာကာလအတွင်း ရှေ့ဆက်ဆောင်ရွက်သွားမည့်ဇုန်အလိုက် လုပ်ငန်းစဉ်များကို သက်ဆိုင်ရာစီမံခန့်ခွဲမှု ကော်မတီများက ပွင့်ပွင့်လင်းလင်းတင်ပြပြီး ဗဟိုကော်မတီဝင်များကလည်း ဝိုင်းဝန်းအကြံပြု ဆွေးနွေးကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်း က မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့ (၁/၂၀၂၃) ကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ထားမှု အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် မြန်မာနိုင်ငံ အထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုအဖွဲ့ အတွင်းရေးမှူး(၁) နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန (၂) ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးနှင့် အတွင်းရေးမှူး (၂) စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံတို့က မြန်မာအထူးစီးပွားရေးဇုန်များ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိသည့်အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

**အတည်ပြုချက်ရယူ**

ထို့နောက် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ အတွင်းရေးမှူးနှင့် သီလဝါအထူးစီးပွားရေးဇုန်၊ ကျောက်ဖြူအထူးစီးပွားရေးဇုန်နှင့် ထားဝယ် အထူးစီးပွားရေးဇုန်များမှ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌများက မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့အစည်းအဝေးသို့တင်ပြသည့် အမှာစာများကို ဖတ်ကြားတင်ပြကြပြီး အတည်ပြုချက်ရယူကြသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက အကြံပြုချက်များနှင့် အထူးစီးပွားရေးဇုန်များအလိုက် လုပ်ငန်းဆောင်ရွက်နေမှုဆိုင်ရာကိစ္စများနှင့် ပတ်သက်၍ သက်ဆိုင်ရာကဏ္ဍများအလိုက် ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ အတွင်းရေးမှူးက မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့အစည်းအဝေး (၁/၂၀၂၄) အစည်းအဝေး ဆုံးဖြတ်ချက်မူကြမ်းကို ဖတ်ကြားတင်ပြ အတည်ပြုချက်ရယူသည်။

ထို့နောက် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ရှင်းလင်းဆွေးနွေးတင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

# ကချင်တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများကို အနုပညာဂီတလုပ်ငန်းများဖြင့် ပိုမိုထုတ်ဖော်ပြသနိုင်ရေးဆွေးနွေး

**မြစ်ကြီးနား ဇန်နဝါရီ ၁၀**

ကချင်တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများကို အနုပညာဂီတလုပ်ငန်းဖြင့် ပိုမိုထုတ်ဖော်ပြသနိုင်ရေး အတွက် ကချင်ပြည်နယ် မြစ်ကြီးနားမြို့သို့ ရောက်ရှိနေသော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒေါ်ဒွဲဘူနှင့် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း တို့သည် ဇန်နဝါရီ ၁၀ ရက် နံနက်ပိုင်းတွင် ပြည်နယ်အစိုးရအဖွဲ့ရုံး ဧည့်ခန်းမ၌ ကချင်အနုပညာရှင်များအသင်း အဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် တွေ့ဆုံခဲ့ကြသည်။ **(ယာပုံ)**



တွေ့ဆုံပွဲသို့ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကချင်အနုပညာရှင်များ အသင်းအဖွဲ့ချုပ်မှ ဥက္ကဋ္ဌ J Z ဒေါင်လွမ်း၊ အဖွဲ့ဝင် G ဇုန်းကို၊ အဖွဲ့ဝင်များ တက်ရောက်ကြသည်။

**ရုပ်ရှင်ရုံများပြန်လည်ဖွင့်လှစ်**

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ယခုအခါ ရုပ်ရှင်၊ ဂီတ၊ အနုပညာလုပ်ငန်းများသည် ပြန်လည် အသက်ဝင် နိုးထလာပြီဖြစ်ပါကြောင်း၊ နိုင်ငံတစ်ဝန်းရှိ ရုပ်ရှင်ရုံများ ပုံမှန်အတိုင်း ပြန်လည်ဖွင့်လှစ်ပြသနေပြီ ဖြစ်ပါကြောင်း၊ ကချင် တိုင်းရင်းသားများ၏ ယဉ်ကျေးမှု ဓလေ့ထုံးစံများကို အနုပညာလုပ်ငန်းဖြင့် ဖွံ့ဖြိုးတိုးတက်လာစေရေး လိုအပ်သည်များကို ဆွေးနွေးပေးကြစေလိုကြောင်း၊ မိမိတို့အနေဖြင့် တိုင်းရင်းသားများနှင့် ပေါင်းစည်းပြီး အနုပညာလုပ်ငန်းကို ပိုမိုဆောင်ရွက်စေလိုပါကြောင်း၊ MRTV တွင် ရုပ်သံလွှင့် အစီအစဉ်များစွာဖြင့် ပိုမိုသစ်လွင်သည့် အစီအစဉ်များ ထုတ်လွှင့်နိုင်ရေး စီမံဆောင်ရွက်ထားရှိပါကြောင်း၊ ယနေ့ ကချင်တိုင်းရင်းသားတို့၏ အနုပညာလုပ်ငန်းများအတွက် နိုင်ငံပိုင်မီဒီယာအဖြစ် ပံ့ပိုးကူညီလိုပါကြောင်း ပြောကြားသည်။

**ညှိနှိုင်းပေါင်းစပ်ပေး**

ထို့နောက် ကချင်အနုပညာရှင်များအသင်းအဖွဲ့ချုပ် ဥက္ကဋ္ဌ JZ ဒေါင်လွမ်း၊ G ဇုန်းကိုနှင့် အဖွဲ့ဝင်များက ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပူးပေါင်းချိတ်ဆက်၍ ဆောင်ရွက်နိုင်ရေး လိုအပ်သည်များကို ဆွေးနွေးတင်ပြကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူနှင့် ပြည်ထောင်စုဝန်ကြီးက ကချင်အနုပညာရှင်များ အသင်းအဖွဲ့ချုပ်၏ လက်ရှိဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ၊ ရုပ်ရှင်၊ ဗီဒီယို၊ ဂီတလုပ်ငန်းများ ထုတ်လွှင့်ပြသနေမှု အခြေအနေများနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ်၍ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ပြည်နယ် (ပြန်/ဆက်)**

# (၇၆) နှစ်မြောက် ကချင်ပြည်နယ်နေ့အထိမ်းအမှတ် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

**မြစ်ကြီးနား ဇန်နဝါရီ ၁၀**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ယမန်နေ့ မွန်းလွဲ ၃ နာရီက ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံးဝင်းရှေ့၌ ကျင်းပသည့် (၇၆) နှစ်မြောက် ကချင်ပြည်နယ်နေ့အထိမ်းအမှတ် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ ဆုများ ပေးအပ်ချီးမြှင့်သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ကချင်ပြည်နယ်သည် မတူကွဲပြားခြားနားသည့် မြေနိမ့်မြစ်ဝှမ်းလွင်ပြင်များမှသည် ရေခဲဖုံးလွှမ်းသည့် တောင်မြင့်များအထိ ဂေဟဇုန်အမျိုးမျိုးပါဝင်ပြီး ကောက်ပဲသီးနှံမျိုးစုံ၊ သစ်သီးဝလံမျိုးစုံ စိုက်ပျိုးဖြစ်ထွန်းသည်ကို တွေ့ရပါကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် စားရေရိက္ခာပေါများပြီး နိုင်ငံသူ၊ နိုင်ငံသားများအားလုံး စားနပ်ရိက္ခာဖူလုံစွာဖြင့် အာဟာရပြည့်ဝစွာ ရရှိရေးအတွက် မူဝါဒများ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ စိုက်ပျိုးမွေးမြူရေးထွက်ကုန်များကို ဘေးအန္တရာယ်ကင်းရှင်းပြီး ဈေးကွက်ပိုမိုရရှိစေရန်နှင့် သဘာဝလှပသည့် မြစ်ချောင်း၊ တောတောင်ရေမြေ သဘာဝများကို မပျက်စီးမထိခိုက်စေရေးအတွက် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ (GAP) ကျင့်စဉ်ကို လိုက်နာကျင့်သုံးရန် လိုအပ်မည်ဖြစ်ကြောင်း၊ အနာဂတ်တွင် တိုးပွားလာမည့်လူဦးရေ စားသုံးရန်အတွက်သာမက၊ စိုက်ပျိုးရေးထွက်ကုန်ကို အခြေခံသည့် (MSME) လုပ်ငန်းများကိုအားပေးကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေးကို ဆောင်ရွက်နေပါကြောင်း။

ထို့အပြင် ၂၀၂၄ ခုနှစ်သည် အားကောင်းသော အယ်နီညိုဖြစ်စဉ် ရာသီဥတုကြောင့် အပူလွန်ကဲခြင်း၊ မြေပေါ်ရေကန်များ ခန်းခြောက်ခြင်း၊ မြေအောက်ရေမျက်နှာပြင်နိမ့်ကျခြင်းများ ဖြစ်ပေါ်နိုင်ပြီး စိုက်ပျိုးရေနှင့် သောက်သုံးရေ အခက်အခဲဖြစ်ပေါ်လာနိုင်သည်ကို သတိထားရမည်ဖြစ်ပြီး ကြိုတင်ပြင်ဆင်မှုများကိုလည်း ဆောင်ရွက်ထားရမည်ဖြစ်ကြောင်း၊ တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေပါ ရည်ရွယ်ချက်များနှင့် ဦးဆောင်အဖွဲ့၏ လုပ်ငန်းတာဝန်များတွင် ပါဝင်သည့် **“ တောင်သူလယ်သမားများအတွက် နည်းပညာ၊ သွင်းအားစု (မျိုးစေ့၊ ဓာတ်မြေသြဇာ၊ သဘာဝမြေသြဇာ) များကို လွယ်ကူအဆင်ပြေစွာ ရရှိသုံးစွဲနိုင်ရေး၊ ဈေးကွက်ရရှိရေးအတွက် ပံ့ပိုးကူညီစီမံဆောင်ရွက်ရန်”** ဆိုသည့် ပြဋ္ဌာန်းချက်နှင့်အညီ ယခုကဲ့သို့ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်ပြိုင်ပွဲကို ကျင်းပပြုလုပ်ရခြင်းဖြစ်ကြောင်း၊ အရည်အသွေးကောင်း ထုတ်လုပ်သည့် သီးနှံထုတ်ကုန်များသည် ဒေသအတွက် နိုင်ငံခြားဝင်ငွေများစွာရရှိစေမည်ဖြစ်သည့်အတွက် အစိုးရဌာနနှင့် ပုဂ္ဂလိကတောင်သူများ ပူးပေါင်းဆောင်ရွက်ပြီး နိုင်ငံ့အကျိုးစီးပွားကို ရှေးရှုဆောင်ရွက်ကြရန် လိုကြောင်း တိုက်တွန်းမှာကြားသည်။



ယင်းနောက် ပြည်နယ်ဦးစီးမှူးက ပြိုင်ပွဲကျင်းပရခြင်းနှင့်ပတ်သက်ပြီး အမှတ်ပေးစည်းမျဉ်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်တရားသူကြီးချုပ်၊ ပြည်နယ်လူမှုရေးရာဝန်ကြီးနှင့် ပြည်နယ်ဦးစီးမှူးများက သီးနှံ/ပန်းမန်အမျိုးအစားအလိုက် ပြိုင်ပွဲတွင်ဆုရရှိသည့် တောင်သူပုဂ္ဂလိကလုပ်ငန်းရှင်များကို ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်ကြသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း (၇၆)နှစ်မြောက် ကချင်ပြည်နယ်နေ့အထိမ်းအမှတ် သဝဏ်လွှာဖတ်ပွဲ၊ ဂုဏ်ထူးဆောင် လက်မှတ်၊ ဂုဏ်ထူးဆောင်ဆုနှင့် မှတ်တမ်းတင်ဂုဏ်ပြုလွှာရရှိသူများအား ဆုများအပ်နှင်းချီးမြှင့်ပွဲသို့ တက်ရောက်



**မြစ်ကြီးနား ဇန်နဝါရီ ၁၀**

(၇၆) နှစ်မြောက် စိန်ရတုကချင်ပြည်နယ်နေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံးဝင်းရှေ့ မြက်ခင်းပြင်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်သည်။

အခမ်းအနားတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ထံမှ ၂၀၂၄ ခုနှစ်၊ (၇၆) နှစ်မြောက် ကချင်ပြည်နယ်နေ့ အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းက ဖတ်ကြားသည်။ **(ယာပုံ)**

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က နှစ်သစ်နှုတ်ခွန်းဆက် အမှာစကားပြောကြားသည်။

ထို့နောက် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က ကချင်ပြည်နယ်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သောနေရာများတွင် ထောက်ပံ့ပေးအပ်နိုင်ရန် နေရောင်ခြည်စွမ်းအင်သုံး အိမ်သုံးဆိုလာ (Panels 120W Solar Home System) အစုံ ၁၅၀ ကို ပြည်နယ်အစိုးရအဖွဲ့ထံ ပေးအပ်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးက လက်ခံရယူသည်။

ဆက်လက်၍ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ကချင်ပြည်နယ်အစိုးရအဖွဲ့အတွက် MRTV DTD ငါးစုံနှင့် DVB T2 Set Top Box အလုံး ၅၀ ကို ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီးထံ လည်းကောင်း၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်အတွက် MRTV DTD ငါးစုံနှင့် DVB T2 Set Top Box အလုံး ၅၀ ကို မြစ်ကြီးနားတပ်နယ်မှူးထံလည်းကောင်း ပေးအပ်သည်။

### တပျော်တပါးစုပေါင်းဆင်နွှဲခဲ့

ယင်းနောက် ပြည်နယ်အစိုးရအဖွဲ့ရုံး မြက်ခင်းပြင်ရှေ့ မနောကွင်း၌ (၇၆)နှစ်မြောက် ကချင်ပြည်နယ်နေ့ အထိမ်းအမှတ် အပိတ်မနောအကကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ ငြိမ်းချမ်းရေးအကျိုးဆောင်အဖွဲ့ဝင်များ၊ ဌာနေပြည်သူ့စစ်ခေါင်းဆောင်များ၊ ကချင်ပြည်နယ်အတွင်းရှိ ကချင်မျိုးနွယ်စု ခြောက်မျိုး၊ ရှမ်းမျိုးနွယ်စု ငါးမျိုးနှင့် ဗမာတိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ဌာနဆိုင်ရာအသီးသီးမှ ဝန်ထမ်းများ၊ ပညာရေးကောလိပ်၊ သူနာပြုသင်တန်းကျောင်းများမှ သင်တန်းသား သင်တန်းသူများ၊ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်းများမှ ကျောင်းသား ကျောင်းသူများက မနောအကဦးဆောင်သူ နောင်ရှောင်(Nau Shawng)များ၏ ဦးဆောင်မှုဖြင့် ရိုးရာအစဉ်အလာနှင့်အညီ မနောကွင်းအတွင်း တပျော်တပါးစုပေါင်းဆင်နွှဲခဲ့ကြပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ကချင်ပြည်နယ်နေ့သည် မြန်မာနိုင်ငံလွတ်လပ်ရေးရရှိခဲ့သည့် ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက်ပြီးနောက် ၆ ရက်အကြာ ဇန်နဝါရီ ၁၀ ရက်နေ့တွင် ကျင်းပခဲ့သည့် ကချင်ပြည်နယ်ကောင်စီညီလာခံကို မြစ်ကြီးနားမြို့ စီတာပူမနောကွင်း၌ ကျင်းပပြုလုပ်ခဲ့ရာ မြန်မာနိုင်ငံ၏ ပထမဆုံးသော သမ္မတ စဝ်ရွှေသိုက်ကိုယ်တိုင်တက်ရောက်၍ ကချင်ပြည်နယ်အစိုးအရအဖွဲ့ကို ဖွဲ့စည်းပေးခဲ့ပြီး ယင်း ဇန်နဝါရီ ၁၀ ရက်နေ့ကို ကချင်ပြည်နယ်နေ့အဖြစ် သတ်မှတ်၍ နှစ်စဉ်ကျင်းပခဲ့ရာ ယခုနှစ်တွင် (၇၆)နှစ်မြောက်အထိ ရောက်ရှိခဲ့ပြီဖြစ်သည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများသည် မြစ်ကြီးနားမြို့ ပြည်နယ်ပြည်သူ့အားကစားကွင်းအတွင်းရှိ မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပပြုလုပ်သည့် (၇၆)နှစ်မြောက် ကချင်ပြည်နယ်နေ့ အထိမ်းအမှတ် ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် အေးချမ်းတည်ငြိမ်ရေးအတွက် ဘက်စုံ၊ ထောင့်စုံ၊ ကဏ္ဍစုံမှ စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ကြသည့် လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများအား ဂုဏ်ထူးဆောင်လက်မှတ်၊ ဂုဏ်ထူးဆောင်ဆုနှင့် မှတ်တမ်းတင်ဂုဏ်ပြုလွှာရရှိသူများအား ဆုချီးမြှင့်ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

### ရှင်းလင်းတင်ပြ

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က ဂုဏ်ထူးဆောင်ဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ချီးမြှင့်အပ်နှင်းနိုင်ရေး ဆောင်ရွက်ခဲ့မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်သူရက ဂုဏ်ထူးဆောင်လက်မှတ်၊ ဂုဏ်ထူးဆောင်ဆုနှင့် မှတ်တမ်းတင်ဂုဏ်ပြုလွှာများ ချီးမြှင့်အပ်နှင်းနိုင်ရေး လုပ်ငန်းကော်မတီများ ဖွဲ့စည်းပြီး ဥပဒေနှင့်အညီ စိစစ်ရွေးချယ်ဆောင်ရွက်ခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူ၊ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဒေါက်တာသက်ခိုင်ဝင်းနှင့် ဒေါက်တာသက်သက်ခိုင်တို့က စီးပွားရေးဆိုင်ရာနှင့် လူမှုရေးဆိုင်ရာထူးချွန်ဆု (ပထမအဆင့်) ဆုရပုဂ္ဂိုလ်များကိုလည်းကောင်း၊ ပြည်နယ်ဝန်ကြီးချုပ်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးတို့က လူမှုရေးဆိုင်ရာထူးချွန်ဆု(ပထမအဆင့်)ဆုရ ပုဂ္ဂိုလ်များကိုလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြပြီး ဆုရရှိသူများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

### ဘာသာရေး ခေါင်းဆောင်များနှင့် တွေ့ဆုံ

ဆက်လက်၍ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး၊ အဖွဲ့ဝင်များသည် ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံး မလိခခန်းမ၌ ပြည်နယ်အတွင်းရှိ ဂိုဏ်းပေါင်းစုံ ခရစ်ယာန်အသင်းတော်များမှ ဘာသာရေး ခေါင်းဆောင်များနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက ကချင်ပြည်နယ်အတွင်း ဘာသာပေါင်းစုံ ကွဲပြားကြသော်လည်း မိမိတို့၏ ယုံကြည်ကိုးကွယ်သည့် ဘာသာတရား အဆုံးအမအတိုင်း ရင်းနှီးချစ်ကြည်စွာ ပေါင်းစည်းနေထိုင်ကြသည်ကို တွေ့ရှိရသည့်အတွက် ကြည်နူးဝမ်းသာရပါကြောင်း၊ ယုံကြည်ကိုးကွယ်မှုအရ ဘာသာတရား ကွဲပြားကြသော်လည်း ဘာသာတရားအားလုံး၏ အဓိကသွန်သင်ဆုံးမမှု အနှစ်သာရမှာ **"ကိုယ်နှုတ် စိတ်ဝမ်းငြိမ်းချမ်းခြင်း"** ဖြစ်သဖြင့် ယနေ့ကြွရောက်လာကြသည့် အသင်းတော်အသီးသီးမှ ဆရာတော်များ၊ ခေါင်းဆောင်များအနေဖြင့် မိမိတို့ဘာသာဝင်များကို သက်ဆိုင်ရာဘာသာတရား၏ သွန်သင်ဆုံးမမှုများနှင့်အညီ လမ်းညွှန်ပြသကြမည်ဟု အခိုင်အမာယုံကြည်ပါကြောင်း၊ ထို့ပြင် ပြည်ထောင်စုကြီး ငြိမ်းချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဂိုဏ်းပေါင်းစုံ ခရစ်ယာန်အသီးသီးကလည်း ဆုတောင်းမေတ္တာပို့သလျက် စွမ်းဆောင်နိုင်သည့်ကဏ္ဍမှ ပါဝင်ကူညီဆောင်ရွက်ကြမည်ဟု ယုံကြည်မျှော်လင့်ပါကြောင်း နှုတ်ခွန်းဆက်စကားပြောကြားသည်။

*စာမျက်နှာ ၈ သို့*



**ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် လိုအပ်သောနေရာများတွင် ထောက်ပံ့ပေးအပ်နိုင်ရန် နေရောင်ခြည်စွမ်းအင်သုံး အိမ်သုံးဆိုလာ အစုံ ၁၅၀ ကို ပြည်နယ်အစိုးရအဖွဲ့ထံ ပေးအပ်စဉ်။**



**ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်အတွက် MRTV DTD ငါးစုံနှင့် DVB T2 Set Top Box အလုံး ၅၀ ကို မြစ်ကြီးနားတပ်နယ်မှူးထံ ပေးအပ်စဉ်။**

*စာမျက်နှာ ၇ မှ*

ထို့နောက် ဂိုဏ်းပေါင်းစုံ ခရစ်ယာန်အသင်းတော် အသီးသီးကိုယ်စား ကက်သလစ်အသင်းတော် ဖာသာ ဒေါက်တာဂေါ်လူယုံဝါက ကျေးဇူးတင်ဝမ်းမြောက် ကြောင်း ပြောကြားပြီး အသင်းတော်အသီးသီးမှ ခေါင်းဆောင်များနှင့် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ ကြသည်။

**ပေးအပ်လှူဒါန်း**

ယင်းနောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စု ဝန်ကြီးက ဂိုဏ်းပေါင်းစုံ ခရစ်ယာန်အသင်းတော် ခြောက်ခုမှ ဆရာတော်များနှင့် ဘာသာရေးခေါင်းဆောင် များထံ အမှတ်တရလက်ဆောင် သစ်သီးခြင်းနှင့် အလှူငွေကျပ် ၁၀ သိန်းစီကို ပေးအပ်လှူဒါန်းသည်။

ညနေပိုင်းတွင် (၇၆)နှစ်မြောက် ကချင်ပြည်နယ် နေ့ အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲကို ပြည်နယ် အစိုးရအဖွဲ့ရုံးရှေ့ မြက်ခင်းပြင်၌ ကျင်းပပြုလုပ် ရာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီး ချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တပ်မတော် အရာရှိကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များ တက်ရောက် ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် အဖွဲ့ဝင်များ ဒေသခံများနှင့်အတူ မနောကွင်းအတွင်း စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

**ဂုဏ်ပြုနှုတ်ခွန်းဆက်စကားပြောကြား**

ဦးစွာ ဂုဏ်ပြုညစာစားပွဲတွင် ပြည်နယ်ဝန်ကြီး ချုပ်က ယနေ့ကျရောက်သည့် (၇၆) နှစ်မြောက် ကချင်ပြည်နယ်နေ့မှသည် မိမိတို့၏စည်းလုံးညီညွတ် မှုကို ပြသပြီး နိုင်ငံတော်နှင့် ပြည်နယ် ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြစေ လိုကြောင်း ဂုဏ်ပြုနှုတ်ခွန်းဆက်စကား ပြောကြား သည်။

ထို့နောက် ကချင်ပြည်နယ်နေ့ အထိမ်းအမှတ် ဂုဏ်ပြုညစာကို အတူတကွ နွေးထွေးပျော်ရွှင်စွာ သုံးဆောင်ကြပြီး တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အကအဖွဲ့များ၏ ရိုးရာယဉ်ကျေးမှုအကအလှများ၊ တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်မှုကို အားပေး ကြည့်ရှုခဲ့ကြကာ ဂုဏ်ပြုချီးမြှင့်ငွေများကို ပေးအပ် ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း စီမံခန့်ခွဲရေးဆိုင်ရာ ထူးချွန်ဆု (ပထမဆင့်) ရရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူ စီမံခန့်ခွဲရေးဆိုင်ရာ ထူးချွန်ဆု (ပထမဆင့်) ရရှိသူ တစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။

## အာဆီယံဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် H. E. Mr. Alounkeo Kittikhoun ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း (၇) ဖွဲ့တို့ တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၁၀**

အာဆီယံဥက္ကဋ္ဌ၏ မြန်မာနိုင်ငံ ဆိုင်ရာ အထူးကိုယ်စားလှယ် H. E. Mr. Alounkeo Kittikhoun ဦးဆောင်သည့် ကိုယ်စားလှယ် အဖွဲ့နှင့် NCA လက်မှတ်ရေးထိုး ထားသည့်တိုင်းရင်းသားလက်နက် ကိုင်အဖွဲ့အစည်း (၇) ဖွဲ့တို့သည် ယနေ့ မွန်းလွဲပိုင်းတွင် နေပြည် တော်ရှိ အမျိုးသားစည်းလုံး ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော် ဆောင်မှုဗဟိုဌာန အစည်းအဝေး ခန်းမ၌ တွေ့ဆုံသည်။ **(ယာပုံ)**



တွေ့ဆုံဆွေးနွေးပွဲသို့အာဆီယံ ဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် H. E. Mr. Alounkeo Kittikhoun ဦးဆောင် သည့် ကိုယ်စားလှယ်အဖွဲ့နှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ အစည်းများဖြစ်ကြသည့် ရခိုင် ပြည် လွတ်မြောက်ရေးပါတီ(ALP)၊ KNU/KNLAငြိမ်းချမ်းရေးကောင်စီ၊ လားဟူဒီမိုကရက်တစ် အစည်း အရုံး (LDU)၊ ပအိုဝ်း အမျိုးသား လွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO)၊ ဒီမိုကရေစီအကျိုးပြု ကရင် တပ်မတော် (DKBA)၊ မွန်ပြည်သစ် ပါတီ (NMSP)၊ ရှမ်းပြည် ပြန်လည် ထူထောင်ရေးကောင်စီ (RCSS)နှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင် အဖွဲ့ (PPST) တို့မှ တာဝန်ရှိသူ များ တက်ရောက်ကြသည်။

တွေ့ဆုံ ဆွေးနွေးပွဲတွင် အာဆီယံဥက္ကဋ္ဌ၏ မြန်မာနိုင်ငံ ဆိုင်ရာ အထူးကိုယ်စားလှယ်က နှုတ်ခွန်းဆက်စကားပြောကြားပြီး အာဆီယံတူညီဆန္ဒ (၅) ရပ်၊ မြန်မာ နိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဆိုင်ရာ ကိစ္စများနှင့် လူသားချင်း စာနာထောက်ထားမှု အကူအညီ ပေးရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးပြောကြားသည်။

ထို့နောက် NCA လက်မှတ် ရေးထိုးထားသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ (၇) ဖွဲ့ ကိုယ်စား KNU/KNLA ငြိမ်းချမ်း ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒေါက်တာ နော်ကပေါ်ထူးက နှုတ်ခွန်းဆက်စကား ပြောကြား ပြီး တက်ရောက်လာသည့်တိုင်းရင်း သား လက်နက်ကိုင်အဖွဲ့အစည်း များက တစ်ဦးချင်း မိတ်ဆက် စကားများပြောကြားကာ တစ်ဖွဲ့ ချင်းစီ၏ သဘောထားအမြင်များ ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး ပြောကြားခဲ့ကြသည်။

ယင်းနောက်တက်ရောက်လာ သည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများကိုယ်စား ပအိုဝ်း အမျိုးသားလွတ်မြောက်ရေးအဖွဲ့ ချုပ် (PNLO) ဦးဆောင်နာယက ဦးခွန်ဥက္ကာက ကျေးဇူးတင်စကား ပြောကြားပြီး အာဆီယံဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူး ကိုယ်စားလှယ်က နိဂုံးချုပ်အမှာ စကားပြောကြားခဲ့ကြောင်း သိရ သည်။ **သတင်းစဉ်**




## ၂၀၂၄ ခုနှစ်၊ (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုကြီးထာဝစဉ်တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ကာကွယ်စောင့်ရှောက်ရေး။

(၂) တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ အပြည့်အဝရရှိစေရန်အတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူ အတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

(၃) တိုင်းရင်းသားပြည်သူအားလုံး၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းသားပြည်သူလူထု တစ်ရပ်လုံးအကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများနှင့် MSME အခန်းကဏ္ဍတို့ မြှင့်တင်ဆောင်ရွက်ရေး။

(၄) နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာ ဖူလုံရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၅) ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်ပေါ်လာရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာရေး တိုင်းရင်းသားအားလုံး ဝိုင်းဝန်းဆောင်ရွက်ရေး။

**ညီညွတ်မှုဖြင့် ရှေ့သို့ချီ
ပြည်ထောင်စုရဲ့ ပန်းတိုင်ဆီ။**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် အာဆီယံဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် H. E. Mr. Alounkeo Kittikhoun ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၁၀**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်သည် အာဆီယံဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် H. E. Mr. Alounkeo Kittikhoun ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှုဗဟိုဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ အဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း (ငြိမ်း)၊ ဒုတိယဗိုလ်ချုပ်ကြီး ဝင်းဗိုလ်ရှိန်၊ သံအမတ်ကြီး(ငြိမ်း) ဦးစံလွင်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

**ရင်းနှီးပွင့်လင်းစွာဆွေးနွေး**

တွေ့ဆုံစဉ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် အာဆီယံဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်တို့က မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုင်ရာကိစ္စရပ်များ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ငြိမ်းချမ်းရေး တွေ့ဆုံဆွေးနွေးမှု အခြေအနေများ၊ အာဆီယံတူညီဆန္ဒ (၅) ရပ်အပေါ် ဆောင်ရွက်ချက်များ၊ လူသားချင်း စာနာထောက်ထားမှု အကူအညီပေးရေးဆိုင်ရာကိစ္စများနှင့်ပတ်သက်၍ အမြင်ချင်းဖလှယ်ပြီး ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြပြီးနောက် အမှတ်တရလက်ဆောင်ပစ္စည်း ပေးအပ်ခဲ့ကြောင်း သိရှိရသည်။

သတင်းစဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် အာဆီယံဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် H. E. Mr. Alounkeo Kittikhoun ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။

## မဲခေါင်း - လန်ချန်း စီမံကိန်းအကောင်အထည်ဖော်မှုအခြေအနေများ ကွင်းဆင်းစစ်ဆေး

**ပဲခူး ဇန်နဝါရီ ၁၀**

ပဲခူးမြို့နယ်အတွင်း မဲခေါင် – လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ (၂၀၂၂) ဖြင့် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများအား ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးနိုင်အောင်နှင့်အဖွဲ့သည် ယမန်နေ့ နံနက်ပိုင်းက ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။



ရှေးဦးစွာ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့သည် ပဲခူးမြို့နယ် ရွာသစ်ကျေးရွာသို့သွားရောက်၍ ကျေးရွာခန်းမ၌ တာဝန်ရှိသူများနှင့် တွေ့ဆုံရာ ပဲခူးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးမျိုးအောင်က စီမံကိန်းအကောင်အထည်ဖော်ဆောင်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ကျေးရွာကော်မတီ တာဝန်ရှိသူများက ကျေးလက် သက်မွေးစီးပွားမြှင့်မားရေး ရန်ပုံငွေကျပ် ၆ ဒသမ ၀ သန်းဖြင့် ဆောင်ရွက်နေသည့် ကျွဲမွေးမြူရေး ငါးဖွဲ့၊ ဝက်မွေးမြူရေး တစ်ဖွဲ့၊ ဘဲမွေးမြူရေး တစ်ဖွဲ့၊ ဥယျာဉ်ခြံစိုက်ပျိုးရေး တစ်ဖွဲ့တို့မှ အဖွဲ့ခေါင်းဆောင်များမှ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများ ရှင်းလင်းတင်ပြခဲ့မှုအပေါ် ဒုတိယညွှန်ကြားရေးမှူးချုပ်က လိုအပ်သည်များ မှာကြားသည်။

ထို့နောက် မဲခေါင် – လန်ချန်း စီမံကိန်းဖြင့် ဆောင်ရွက်လျက်ရှိသည့် ကျေးလက်ကုန်ထုတ်လမ်းတံတားလုပ်ငန်း၊ ကျေးလက်ရေရရှိရေးလုပ်ငန်း၊ ကျေးရွာတွင်း ဂဝံလမ်းခင်းခြင်းလုပ်ငန်း၊ Green House စနစ်ဖြင့် ဆောင်ရွက်သည့် သီးနှံစိုက်ခင်းများအား ကွင်းဆင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ (ဝဲပုံ)

သက်ထက်

## အများအားဖြင့် သာယာမည်

**နေပြည်တော် ဇန်နဝါရီ ၁၀**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်သည်။

မိုး/ဇလ

ဆောင်းပါးတွင်ပါရှိသည့် အကြောင်းအရာများသည် ဆောင်းပါးရှင်၏ အာဘော်သာဖြစ်ပါသည်။ (စာတည်းအဖွဲ့)

# အေးအတူပူအမျှအသိုက်အဝန်း အတူတည်ဆောက်၍ တရုတ် – မြန်မာဆက်ဆံရေး နက်ရှိုင်းစွာ ဖွံ့ဖြိုးတိုးတက်လာစေခြင်း

**သံအမတ်ကြီး မစ္စတာ ချန်းဟိုင်**

- **တရုတ် - မြန်မာနှစ်နိုင်ငံသည် တောင်တောင်ရေမြေချင်း ဆက်စပ်လျက်ရှိပြီး ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေး သံယောဇဉ် နက်ရှိုင်းသည်။ သမ္မတရှီကျင့်ဖျင်သည် ၂၀၂၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံသို့ သမိုင်းဝင်ခရီးစဉ် လာရောက်ခဲ့ပြီး နှစ်ဦးနှစ်ဖက်က တရုတ် - မြန်မာ အေးအတူပူအမျှ အသိုက်အဝန်းတည်ဆောက်ရန် သဘောတူညီခဲ့သည်။ ယခုနှစ်သည် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး မူကြီးငါးရပ်ကို တရုတ်၊ မြန်မာ၊ အိန္ဒိယက အတူတကွအဆိုပြုသည့် နှစ် ၇၀ ပြည့်ဖြစ်သည်။**
- **မိမိတို့သည် မြန်မာနိုင်ငံနှင့်အတူ သမ္မတရှီကျင့်ဖျင်၏ မြန်မာနိုင်ငံ ခရီးစဉ်ရလဒ်များကို ဆက်လက်ဖော်ဆောင်၍ နိုင်ငံရေးရာစီမံခန့်ခွဲမှု အတွေ့အကြုံများ ကူးလူးဖလှယ်ခြင်းကို မြှင့်တင်သွားမည်ဖြစ်သည်။ ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုအစီအမံ၊ ကမ္ဘာလုံးဆိုင်ရာ လုံခြုံရေးအစီအမံ၊ ကမ္ဘာလုံးဆိုင်ရာ လူသားယဉ်ကျေးမှုအစီအမံတို့ကို ချိတ်ဆက်အကောင်အထည်ဖော်ဆောင်၍ တရုတ် - မြန်မာ အေးအတူပူအမျှအသိုက်အဝန်းကို တည်ဆောက်မှုလက်တွေ့ကျနက်ရှိုင်းလာစေရန် တွန်းအားပေးသွားမည်ဖြစ်သည်။**

တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံခြားရေးလုပ်ငန်းအစည်းအဝေးကို ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ၂၇ ရက်နေ့မှ ၂၈ ရက်နေ့အထိ ပေကျင်းမြို့၌ကျင်းပခဲ့ရာ သမ္မတရှီကျင့်ဖျင်က အရေးပါမိန့်ခွန်း ပြောကြားခဲ့သည်။ သမ္မတရှီကျင့်ဖျင်က ခေတ်သစ် တရုတ်ဝိသေသ ဆောင်သော နိုင်ငံကြီး သံတမန်ဆက်ဆံရေး၏ သမိုင်းဝင်အောင်မြင်မှုနှင့် အဖိုးတန်အတွေ့အကြုံများကို စနစ်တကျခြုံငုံ၍ တရုတ်နိုင်ငံ၏ နိုင်ငံခြားရေးလုပ်ငန်းတွင် ရင်ဆိုင်ရသော နိုင်ငံတကာပတ်ဝန်းကျင်နှင့် ထမ်းဆောင်ရသည့် သမိုင်းပေးတာဝန်အကြောင်း လေးနက်စွာ ရှင်းလင်းပြောကြားကာ လက်ရှိနှင့် အနာဂတ်ကာလတွင် တရုတ်နိုင်ငံ၏ နိုင်ငံခြားရေးလုပ်ငန်းအတွက် ဘက်စုံနေရာချထားမှုများ လုပ်ဆောင်ခဲ့သည်။ မိမိသည် မြန်မာနိုင်ငံ နယ်ပယ်အသီးသီးမှ မိတ်ဆွေများကို အစည်းအဝေးအကြောင်းအရာ မိတ်ဆက်ပေးပြီး တရုတ် – မြန်မာဆက်ဆံရေး ဖွံ့ဖြိုးတိုးတက်မှုဖော်ဆောင်ရန် အမြင်အချို့အား မျှဝေပေးလိုပါသည်။

**ထွန်းပြောင်သည့်အနာဂတ်သို့ လျှောက်လှမ်းရန် တွန်းအားပေးဖော်ဆောင်ရမည်**

အစည်းအဝေးတွင် အေးအတူပူအမျှအသိုက်အဝန်းတည်ဆောက်မှုသည် ရှီကျင့်ဖျင် သံတမန်ဆက်ဆံရေး အတွေးအခေါ်၏ အဓိက အယူအဆဖြစ်ကြောင်း၊ ရေရှည်ငြိမ်းချမ်းသော၊ ယေဘုယျအားဖြင့် လုံခြုံသော၊ အတူတကွစည်ပင်ဝပြောသော၊ တံခါးဖွင့်၍ အားလုံး ပါဝင်မှုရှိသော၊ သန့်ရှင်းသာယာလှပသော ကမ္ဘာကြီး တည်ဆောက်ခြင်းကို ကြိုးပမ်းမှုရည်မှန်းချက်အဖြစ် ထားရှိခြင်း၊ အတူတကွ ဆွေးနွေး၊ အတူတကွတည်ဆောက်၊ အတူတကွမျှဝေသည့် ကမ္ဘာလုံးဆိုင်ရာ စီမံအုပ်ချုပ်မှု တွန်းအားပေးခြင်းအား အကောင်အထည် ဖော်ဆောင်သည့် လမ်းကြောင်းအဖြစ် ထားရှိခြင်း၊ လူသားအားလုံး ဘုံတန်ဖိုးဖော်ဆောင်ခြင်းအား ယေဘုယျအားဖြင့် လိုက်နာခြင်း၊ နိုင်ငံတကာဆက်ဆံရေး ပုံစံအသစ်တည်ဆောက်ခြင်းကို အခြေခံ ကျားကန်မှုအဖြစ်ထားရှိခြင်း၊ ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု အစီအမံ၊ ကမ္ဘာလုံးဆိုင်ရာ လုံခြုံရေးအစီအမံ၊ ကမ္ဘာလုံးဆိုင်ရာ လူသားယဉ်ကျေးမှုအစီအမံ အကောင်အထည်ဖော်ဆောင်ခြင်းအား မဟာဗျူဟာမြောက် ဦးဆောင်မှုအဖြစ်ထားရှိခြင်း၊ "Belt and Road" အရည်အသွေးမြင့် အတူတကွတည်ဆောက်ခြင်းအား လက်တွေ့အကောင်အထည်ဖော်ဆောင်သည့် ပလက်ဖောင်းထားရှိခြင်းတို့ဖြင့် နိုင်ငံအသီးသီးနှင့်အတူလက်တွဲကာ စိန်ခေါ်မှုများ ရင်ဆိုင်၍ အတူတကွ စည်ပင်ဝပြောမှု အကောင်ထည်ဖော်ဆောင်ပြီး ကမ္ဘာကြီးက ငြိမ်းချမ်းသော၊ လုံခြုံသော၊ စည်ပင်ဝပြောသော၊ တိုးတက်သော ထွန်းပြောင်သည့်အနာဂတ်သို့ လျှောက်လှမ်းရန် တွန်းအားပေး ဖော်ဆောင်ရမည်ဖြစ်ကြောင်း ထောက်ပြပြောဆိုခဲ့သည်။

အေးအတူပူအမျှ အသိုက်အဝန်း တည်ဆောက်ရန်အတွက် တရုတ်နိုင်ငံက တန်းတူညီမျှ၍ စနစ်ကျသည့် ဗဟုဝင်ရိုးကမ္ဘာနှင့် ကျယ်ကျယ်ပြန့်ပြန့်အကျိုးပြု၍ အားလုံးပါဝင်မှုရှိသည့် စီးပွားရေး ဂလိုဘယ်လိုက်ဇေးရှင်းကို အဆိုပြုခဲ့သည်။ တန်းတူညီမျှ၍ စနစ်ကျသည့် ဗဟုဝင်ရိုးကမ္ဘာသည် နိုင်ငံကြီးငယ်မရွေး အားလုံးတန်းတူညီမျှဖြစ်ခြင်းကို လက်ကိုင်စွဲ၍ ဗိုလ်ကျစိုးမိုးမှုဝါဒနှင့် ပါဝါနိုင်ငံရေးကို ကန့်ကွက်ကာ နိုင်ငံတကာဆက်ဆံရေး ဒီမိုကရေစီဆန်ခြင်းကို လက်တွေ့ကျကျ ဖော်ဆောင်ခြင်းဖြစ်သည်။ ကုလသမဂ္ဂ ပဋိညာဉ်စာတမ်း ရည်မှန်းချက်နှင့် အခြေခံမူကို အတူတကွ လိုက်နာစောင့်ထိန်း၍ ယေဘုယျအားဖြင့် အသိအမှတ်ပြုသည့် နိုင်ငံတကာဆက်ဆံရေး အခြေခံမူစည်းမျဉ်းကို အတူတကွလက်ကိုင်စွဲကာ စစ်မှန်သော နိုင်ငံစုံ ပူးပေါင်းဆောင်ရွက်မှုဝါဒ (Multilateralism) ကို လက်တွေ့ အကောင်အထည် ဖော်ဆောင်ရမည်ဖြစ်သည်။

**ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ဆောင်ရမည်**

ကျယ်ကျယ်ပြန့်ပြန့်အကျိုးပြု၍ အားလုံးပါဝင်မှုရှိသည့် စီးပွားရေး ဂလိုဘယ်လိုက်ဇေးရှင်းဆိုသည်မှာ နိုင်ငံအသီးသီး အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ယေဘုယျတောင်းဆိုချက်များအရ တစ်ကမ္ဘာလုံးတွင် အရင်းအမြစ်ခွဲဝေမှုကြောင့် ဖြစ်ပေါ်လာသည့် နိုင်ငံများအကြားနှင့် နိုင်ငံများအတွင်းပိုင်း ဖွံ့ဖြိုးတိုးတက်မှု မညီမျှသည့် ပြဿနာကို ကောင်းမွန်စွာဖြေရှင်းခြင်းပင်ဖြစ်သည်။ ဂလိုဘယ်လိုက်ဇေးရှင်းအား ဆန့်ကျင်မှု (Deglobalization)၊ လုံခြုံရေး အယူအဆများကို အလွဲသုံးစားလုပ်ခြင်း (abuse the concept of security) တို့အား ပြတ်ပြတ်သားသားဆန့်ကျင်၍ တစ်ကိုယ်တော်ဝါဒ (unilateralism)၊ ကိုယ်ကျိုးစီးပွားကာကွယ်ရေးဝါဒ (protectionism) ပုံစံမျိုးစုံကို ကန့်ကွက်ရမည်။ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု လွတ်လပ်ခြင်း၊ အဆင်ပြေလွယ်ကူခြင်းတို့ကို ခိုင်မာစွာမြှင့်တင်၍ ကမ္ဘာ့စီးပွားရေး ကောင်းမွန်စွာဖွံ့ဖြိုးတိုးတက်မှုအား အတားအဆီးဖြစ်စေသည့် ဖွဲ့စည်းပုံဆိုင်ရာ အခက်အခဲများကို ဖြေရှင်းခြင်းဖြင့် စီးပွားရေး ဂလိုဘယ်လိုက်ဇေးရှင်းကို ပိုမိုတံခါးဖွင့်သော၊ အားလုံးပါဝင်မှုရှိသော၊ ကျယ်ကျယ်ပြန့်ပြန့် အကျိုးပြုသော၊ ညီမျှသော လားရာသို့ ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ဆောင်ရမည်။

**နှစ်နိုင်ငံပြည်သူများ အသက်အိုးအိမ်စည်းစိမ်ဥစ္စာ ဘေးကင်းလုံခြုံမှုကို ကာကွယ်စောင့်ရှောက်သွားမည်**

တရုတ် – မြန်မာနှစ်နိုင်ငံသည် တောတောင်ရေမြေချင်း ဆက်စပ်လျက်ရှိပြီး ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရေးသံယောဇဉ် နက်ရှိုင်းသည်။ သမ္မတရှီကျင့်ဖျင်သည် ၂၀၂၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံသို့ သမိုင်းဝင်ခရီးစဉ်လာရောက်ခဲ့ပြီး နှစ်ဦးနှစ်ဖက်က တရုတ်–မြန်မာ အေးအတူပူအမျှအသိုက်အဝန်း တည်ဆောက်ရန် သဘောတူညီခဲ့သည်။ ယခုနှစ်သည် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီးငါးရပ်ကို တရုတ်၊ မြန်မာ၊ အိန္ဒိယက အတူတကွအဆိုပြုသည့် နှစ် ၇၀ ပြည့်ဖြစ်သည်။ မိမိတို့သည် ဗဟိုကော်မတီ နိုင်ငံခြားရေး လုပ်ငန်း အစည်းအဝေးစိတ်ဓာတ်ကို ကျင့်သုံး၍ တရုတ် – မြန်မာ ချစ်ကြည်ရင်းနှီးစွာ ကူလူးဆက်ဆံသည့် ဉာဏ်ပညာနှင့် အတွေ့အကြုံများကို လက်ဆင့်ကမ်းပြန့်ပွားစေပြီး ချစ်ခင်ရင်းနှီးခြင်း၊ ရိုးသားစွာဆက်ဆံခြင်း၊ အပြန်အလှန် အကျိုးဖြစ်ထွန်းခြင်း၊ အားလုံးပါဝင်ခြင်းဟူသည့် အိမ်နီးချင်းနိုင်ငံများနှင့် သံတမန် ဆက်ဆံရေးအယူအဆကို လက်တွေ့ဖော်ဆောင်သွားမည်ဖြစ်သည်။ မိမိတို့သည် မြန်မာနိုင်ငံနှင့်အတူ သမ္မတရှီကျင့်ဖျင်၏ မြန်မာနိုင်ငံ ခရီးစဉ်ရလဒ်များကို ဆက်လက် ဖော်ဆောင်၍ နိုင်ငံရေးရာစီမံခန့်ခွဲမှု အတွေ့အကြုံများ ကူးလူးဖလှယ်ခြင်းကို မြှင့်တင်သွားမည်ဖြစ်သည်။ ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုအစီအမံ၊ ကမ္ဘာလုံးဆိုင်ရာ လုံခြုံရေးအစီအမံ၊ ကမ္ဘာလုံးဆိုင်ရာ လူသားယဉ်ကျေးမှုအစီအမံတို့ကို ချိတ်ဆက် အကောင်အထည်ဖော်ဆောင်၍ တရုတ် – မြန်မာ အေးအတူပူအမျှ အသိုက်အဝန်းကို တည်ဆောက်မှု လက်တွေ့ကျနက်ရှိုင်းလာစေရန် တွန်းအားပေးသွားမည်ဖြစ်သည်။ မိမိတို့သည် မြန်မာနိုင်ငံနှင့်အတူ "Belt and Road" နှင့် တရုတ် – မြန်မာစီးပွားရေးစင်္ကြံကို အရည်အသွေးမြင့် အတူတည်ဆောက်ပြီး ပိုမိုများပြားသည့် လက်တွေ့ကျ ပူးပေါင်းဆောင်ရွက်မှုရလဒ်များဖြင့် နှစ်နိုင်ငံပြည်သူများကို ပိုမို အကျိုးပြုသွားလိုသည်။ မိမိတို့သည် မြန်မာနိုင်ငံက မိမိနိုင်ငံအခြေအနေနှင့်ကိုက်ညီသည့် ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်း လျှောက်လှမ်းခြင်းကို အားပေးပြီး မြန်မာနိုင်ငံမြောက်ပိုင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အား ထောက်ခံပံ့ပိုးပေးရန်အတွက် အပြုသဘောဆောင်သည့် အခန်းကဏ္ဍမှ ဆက်လက်ပါဝင်ကာ တရုတ် – မြန်မာနယ်စပ်ဒေသတည်ငြိမ်အေးချမ်းမှုကို အတူတကွ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်သည်။ မိမိတို့သည် ပြည်သူဗဟိုပြုသည့် ဖွံ့ဖြိုးတိုးတက်မှု အတွေးအခေါ်ကို အမြဲတစေ လက်ကိုင်စွဲ၍ တရုတ် – မြန်မာ တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုကို နက်ရှိုင်းစေကာ ဆက်သွယ်ရေးလိမ်လည်မှု စသည့်နယ်စပ်ဖြတ်ကျော် ပြစ်မှုကျူးလွန်မှုများကို အတူတိုက်ဖျက်ပြီး နှစ်နိုင်ငံပြည်သူများ အသက်အိုးအိမ်စည်းစိမ်ဥစ္စာဘေးကင်းလုံခြုံမှုကို ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်သည်။ မိမိတို့သည် မြန်မာနိုင်ငံနှင့်အတူ လန်ချန်း–မဲခေါင်နှင့် တရုတ် – အာဆီယံ စသည့် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများကို နက်ရှိုင်းစေကာ သာယာလှပသောအိမ်ရာကြီး အတူတည်ဆောက်သွားလိုပါသည်။

နှစ်သစ်အစကာလတွင် မြန်မာနိုင်ငံပြည်သူများ ငြိမ်းချမ်းမှု၊ စည်ပင်ဝပြောမှုနှင့် သာယာချမ်းမြေ့မှုများ ရရှိပိုင်ဆိုင်နိုင်ပါစေလို့ ဆုမွန်ကောင်းတောင်းပေးလိုက်ပါသည်။ ။

> **❝ မိမိတို့သည် မြန်မာနိုင်ငံနှင့်အတူ "Belt and Road" နှင့် တရုတ် - မြန်မာစီးပွားရေးစင်္ကြံကို အရည်အသွေးမြင့် အတူတည်ဆောက်ပြီး ပိုမိုများပြားသည့် လက်တွေ့ကျ ပူးပေါင်းဆောင်ရွက်မှုရလဒ်များဖြင့် နှစ်နိုင်ငံပြည်သူများကို ပိုမိုအကျိုးပြုသွားလိုသည်။ မိမိတို့သည် မြန်မာနိုင်ငံက မိမိနိုင်ငံအခြေအနေနှင့် ကိုက်ညီသည့် ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်း လျှောက်လှမ်းခြင်းကို အားပေးပြီး မြန်မာနိုင်ငံမြောက်ပိုင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အား ထောက်ခံပံ့ပိုးပေးရန်အတွက် အပြုသဘောဆောင်သည့် အခန်းကဏ္ဍမှ ဆက်လက်ပါဝင်ကာ တရုတ် - မြန်မာ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းမှုကို အတူတကွ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်သည်။ ❞**

# အမှတ်(၈)စက်မှုသင်တန်းကျောင်း (သထုံ) လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၀**

အမှတ်(၈) စက်မှုသင်တန်းကျောင်း (သထုံ) လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်၊ စက်မှုဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူး များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အိန္ဒိယနိုင်ငံသံရုံးမှ ဒုတိယသံအမတ်ကြီး Mr. Ashish Sharma နှင့် ဆက်ဆံရေးအရာရှိ Ms. Yadav၊ HMT International Ltd. မှ အထွေထွေမန်နေဂျာ Mr. Y. K. Vaish နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။





**ခေတ်မီနည်းပညာများ သင်ကြားပေးနိုင်**

ရှေးဦးစွာ အမှတ်(၈) စက်မှုသင်တန်းကျောင်း (သထုံ) စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် အခြေအနေများကို Video Clip ဖြင့် ပြသပြီး စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အမှတ်(၈) စက်မှုသင်တန်းကျောင်း (သထုံ) သည် အသိဉာဏ်ပညာ ဖွံ့ဖြိုးတိုးတက်မှုရရှိနိုင်စေမည့် လေ့ကျင့်ရေး သင်တန်းကျောင်းအဖြစ် ဖွင့်လှစ်ဆောင်ရွက်တော့မည်ဖြစ်ကြောင်း၊ အဆိုပါ သင်တန်းကျောင်းသည် အိန္ဒိယအစိုးရ၏ အထောက်အပံ့ဖြင့် မြန်မာနိုင်ငံနှင့် HMT International Ltd. (India) တို့ပူးပေါင်းဆောင်ရွက် တည်ထောင်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုသင်တန်းကျောင်းကို အကောင်အထည်ဖော်နိုင်ခြင်းသည် မြန်မာနိုင်ငံ၏ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုမည်ဖြစ်ကြောင်း၊ စက်မှုဝန်ကြီးဌာနအနေဖြင့် ခေတ်မီနည်းပညာများ လေ့ကျင့်သင်ကြား ပေးနိုင်မည်ဖြစ်၍ လူ့စွမ်းအားအရင်းအမြစ် မြှင့်တင်ပေးနိုင်မည့် မျှော်မှန်းချက်အား ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း။

ယခုသင်တန်းကျောင်းသည် မြန်မာနိုင်ငံ၏ TVET ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးတွင် စက်မှုဝန်ကြီးဌာန၏ အဋ္ဌမမြောက် အောင်မြင်မှုအဖြစ် ဖြစ်တည်လာခဲ့ပြီး ရော်ဘာနည်းပညာသင်တန်းကို ပထမဆုံးဖွင့်လှစ်မည့် ထူးထူးခြားခြား သင်တန်းကျောင်းလည်း ဖြစ်ကြောင်း၊ ထို့အပြင် မြန်မာနိုင်ငံအောက်ပိုင်းတွင် စတင်ဖွင့်လှစ်သည့် သင်တန်းကျောင်းတစ်ခုအဖြစ် မိမိတို့၏ ကြိုးပမ်းအားထုတ်မှု မှတ်တိုင်အဖြစ် ထင်ရှားနေမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံရှိ လူငယ်များအတွက် အရည်အသွေးပြည့်မီသော သက်မွေးပညာရေးအား သင်ယူတတ်မြောက်စေရန်၊ စီးပွားရေးတိုးတက်စေရန် ရည်ရွယ်၍ စက်မှုသင်တန်းကျောင်းအား တည်ထောင်ခဲ့ခြင်း ဖြစ်သဖြင့် အိန္ဒိယနိုင်ငံအစိုးရကို အထူးပင် ကျေးဇူးတင်ရှိကြောင်း၊ စက်မှုသင်တန်းကျောင်းသည် မြန်မာနိုင်ငံ လူငယ်များအတွက် အကန့်အသတ်မရှိသော အခွင့်အလမ်းများ၊ အိပ်မက်များ၊ စိတ်ကူးစိတ်သန်းများ လွတ်လပ်စွာ မွေးဖွားပေးနိုင်သည့် လေ့ကျင့်ရေး သင်တန်းကျောင်း တစ်ခုဖြစ်လာပါစေဟု ဆန္ဒပြုအပ်ကြောင်း၊ နောင်လာမည့် မျိုးဆက်သစ်များအတွက် အမှတ်(၈) စက်မှုသင်တန်းကျောင်း (သထုံ) သည် ဂုဏ်ယူစရာ အရင်းအမြစ်တစ်ခုအဖြစ် အမြဲတမ်းအောင်မြင်မှုရရှိပါစေကြောင်း ဆုမွန်ကောင်းတောင်းပါကြောင်း ပြောကြားသည်။

**ဆက်လက်ကူညီပေးသွားမည်**

ဆက်လက်၍ အိန္ဒိယနိုင်ငံသံရုံး ဒုတိယသံအမတ်ကြီးက မြန်မာနိုင်ငံ၏ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရေးနှင့် ထုတ်ကုန် အရည်အသွေးများ တိုးတက် ကောင်းမွန်စေရေးတို့အတွက် အမှတ်(၄) စက်မှုသင်တန်းကျောင်း(ပခုက္ကူ)၊ အမှတ်(၆) စက်မှုသင်တန်းကျောင်း (မြင်းခြံ) တို့ကို ဖွင့်လှစ်နိုင်ရေးအတွက် ကူညီဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း၊ ယခုလွှဲပြောင်းပေးသည့် အမှတ်(၈) စက်မှုသင်တန်းကျောင်း (သထုံ) ကိုပါ ဖွင့်လှစ်နိုင်ရေး ကူညီဆောင်ရွက်ပေးခဲ့သဖြင့် မြန်မာနိုင်ငံတွင် စက်မှုသင်တန်းကျောင်း သုံးကျောင်းအား ထောက်ပံ့ပေးခဲ့ပြီးဖြစ်ကြောင်း၊ ထို့ပြင် အမှတ်(၇) စက်မှုသင်တန်းကျောင်း(မုံရွာ)အား ဖွင့်လှစ်နိုင်ရေး စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အိန္ဒိယနိုင်ငံ အစိုးရအနေဖြင့် မြန်မာနိုင်ငံ စက်မှုလက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ကူညီဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် HMT International Ltd. မှ အထွေထွေမန်နေဂျာ Mr. Y. K. Vaish နှင့် စက်မှုပူးပေါင်းဆောင်ရွက်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က ကျေးဇူးတင်စကားများ ပြောကြားကြပြီး စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် HMT International Ltd. မှ အထွေထွေမန်နေဂျာတို့သည် အမှတ်(၈) စက်မှုသင်တန်းကျောင်း (သထုံ) လွှဲပြောင်းလက်ခံမှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။ ယင်းနောက် အမှတ်(၈) စက်မှုသင်တန်းကျောင်း (သထုံ) လွှဲပြောင်းခြင်း အထိမ်းအမှတ် အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန်လဲလှယ်ပေးအပ်ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်၍ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

အဆိုပါ အမှတ်(၈) စက်မှုသင်တန်းကျောင်း (သထုံ) တွင် Rubber Technology, CNC, Machinist, Electricion, Welder, IT ဘာသာရပ်များကို လေ့ကျင့်သင်ကြား ပေးသွားမည်ဖြစ်ပြီး သင်တန်းကျောင်း အနေဖြင့် ကျွမ်းကျင်မှုအခြေပြု ရက်တိုသင်တန်း နှစ်ကြိမ် ဖွင့်လှစ်ခဲ့ပြီးဖြစ်သည်။ ထို့အပြင် ပုံမှန်တစ်နှစ်သင်တန်းများကို ယခုနှစ်အတွင်း ဖွင့်လှစ်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံ့စီးပွားမြှင့်တင်ရေး စီမံကိန်းလုပ်ငန်းများကို သမဝါယမအသင်းအဖွဲ့စနစ်ဖြင့် ထိရောက်အောင်မြင်စွာဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၁၀**

သမဝါယမနှင့်ကျေးလက် ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ယနေ့ မွန်းလွဲပိုင်းက မြစ်ကြီးနားမြို့ သမဝါယမဦးစီးဌာနရုံးသို့ သွားရောက်၍ ပြည်နယ်အဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့်ဝန်ထမ်းများနှင့် တွေ့ဆုံသည်။



တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက နိုင်ငံ့စီးပွားမြှင့်တင်ရေး စီမံကိန်းလုပ်ငန်းများကို သမဝါယမအသင်းအဖွဲ့စနစ်ဖြင့် ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် အသင်းသားတောင်သူများ လိုအပ်သည့် သွင်းအားစု၊ မျိုး၊ မြေဩဇာများအား ရာသီအချိန်မီ ထောက်ပံ့ပေးရေး၊ အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေး MSMEs လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်ခု (One Village One Product–OVOP) ထုတ်လုပ်နိုင်ရေး ပူးပေါင်းပါဝင်ဆောင်ရွက်ကြရေး၊ ဖွံ့ဖြိုးရေးလုပ်ငန်းများအား ဘဏ္ဍာနှစ်အလိုက် အရည်အသွေးပြည့်မီစွာ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရေးနှင့် မဆောင်ရွက်နိုင်သော လုပ်ငန်းများ အချိန်မီပြန်လည်အပ်နှံရေး ဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားပြီး ဦးစီးဌာနအလိုက် ဝန်ထမ်းများ၏ လုပ်ငန်းလိုအပ်ချက်များ တင်ပြမှုအပေါ် ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဆက်လက်ပြီး ပြည်ထောင်စုဝန်ကြီးသည် မြစ်ကြီးနားမြို့ အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန၏ ရက်ကန်းနှင့် သက်မွေးပညာသင်တန်းကျောင်းသို့ သွားရောက်ပြီး ရက်ကန်းပညာများ သင်ယူနေကြသည့် သင်တန်းသူများ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနအနေဖြင့် အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစု ဝင်ငွေတိုးရေးစီမံကိန်းဖြင့် သင်တန်းများကို ယခုဘဏ္ဍာနှစ်မှ စတင်ဖွင့်လှစ်ကာ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်း လုပ်ကိုင်နိုင်ရန် လုပ်ငန်းသုံးစက်ပစ္စည်းများ ထောက်ပံ့ပေးနေပါကြောင်း၊ ရက်ကန်းပညာရပ်များကို ရိုးရာမပျက် ခေတ်မှီဒီဇိုင်းဆန်းများ တီထွင်ထုတ်လုပ်နိုင်ရေး ကြိုးပမ်းလေ့လာ ဆောင်ရွက်ရမည်ဖြစ်ကြောင်း မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် သင်တန်းသူများ၏ လေ့လာသင်ယူနေမှုများကို ကြည့်ရှုအားပေးကာ သင်တန်းကျောင်း၏ လိုအပ်ချက်များအပေါ် ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# စာရေးဆရာ ကိုရွှေအောင်သင်း ရေးသား/ထုတ်ဝေသည့် “ တကယ်ချစ်မှ လွမ်းပါမောင်” စာအုပ် မိတ်ဆက်ပွဲ ကျင်းပ

**ပြင်ဦးလွင် ဇန်နဝါရီ ၁၀**

ပြင်ဦးလွင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ယမန်နေ့က စာရေးဆရာ ကိုရွှေအောင်သင်း ရေးသား/ထုတ်ဝေသည့် “တကယ်ချစ်မှ လွမ်းပါမောင်”စာအုပ်မိတ်ဆက်ပွဲ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြင်ဦးလွင်ခရိုင်မှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဝါဝါလွင်က အမှာစကားပြောကြားပြီး စာရေးဆရာ ကိုရွှေအောင်သင်းက တကယ်ချစ်မှ လွမ်းပါမောင် စာအုပ်နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာသူများက စာအုပ်အသစ်ထွက်ရှိမှုအပေါ် မုဒိတာစကားများ ပြောကြားသည်။ ထို့နောက် စာရေးဆရာကိုရွှေအောင်သင်းက ပြင်ဦးလွင်ခရိုင် ပြည်သူ့စာကြည့်တိုက်နှင့် ခရိုင်ကြီးကြပ်မှုအောက်ရှိ မြို့နယ်/မြို့ရုံး ပြည်သူ့ စာကြည့်တိုက်များသို့ “တကယ်ချစ်မှ လွမ်းပါမောင်” ဝတ္ထုစာအုပ်များ လှူဒါန်းခြင်းနှင့် အခမ်းအနားသို့ တက်ရောက်လာသော ဧည့်သည်တော်များအား စာအုပ်များ အမှတ်တရပေးအပ်သည်။

**ခရိုင်(ပြန်/ဆက်)**



# ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသရှိ ရှေးဟောင်းသာသနိကအဆောက်အအုံများ ပြုပြင်ထိန်းသိမ်းထားမှုအခြေအနေကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇန်နဝါရီ ၁၀**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ ဒုတိယဝန်ကြီး ဒေါ်နုမြဇံ၊ အမြဲတမ်းအတွင်းဝန်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသရှိ ရှေးဟောင်းအဆောက်အအုံများ **(ယာပုံ)**၊ ရှေးဟောင်းရေကန်များ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။



**သာသနာရေးဆိုင်ရာများ လျှောက်ထား**

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နံနက်ပိုင်းတွင် ညောင်ဦးမြို့ အလိုတော်ပြည့်ကျောင်းတိုက်၊ အောင်မြေဗောဓိဓမ္မာရုံ၌ နိုင်ငံတော်သြဝါဒစရိယ၊ မြစ်ကြည့်တိုက် ဆရာတော် ဘဒ္ဒန္တက္ကန္ဒဝံသ၊ နိုင်ငံတော် ဗဟိုသံဃဝန်ဆောင် လောကနန္ဒာစာသင်တိုက် ဆရာတော်၊ အောင်မြေဗောဓိအလိုတော်ပြည့်ကျောင်းတိုက် ဆရာတော် မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌနှင့် မြို့နယ် သံဃနာယကအဖွဲ့ ဆရာတော်များကို ဖူးမြော်ကြည်ညိုပြီး မြစ်ကြည့်တိုက် ဆရာတော်ကြီးထံမှ သြဝါဒခံယူကာ ပြည်ထောင်စုဝန်ကြီးက သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့က ဆရာတော်အရှင်သူမြတ်များထံ လှူဖွယ်ဝတ္ထု နဝကမ္မအလှူငွေများ၊ ဥပ္ပါတသန္တိကျမ်းစာအုပ်များ၊ ဂီရိမာနန္ဒကျမ်းစာအုပ်များကို ဆက်ကပ်လှူဒါန်းပြီး မဟာဝိသုကာရာမတိုက်သစ်ဆရာတော် ဘဒ္ဒန္တ ပညာသီရိထံမှ ရေစက်ချတရားနာယူကြည်ညိုကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့သည် နေပြည်တော် ဥပ္ပါတသန္တိစေတီတော်တွင် အနေကဇာတင် ပူဇော်ပြီးသော ပန်းပေါင်းစုံဗုဒ္ဓရုပ်ပွား ဆင်းတုတော် ၁၀၀၈ ဆူကို ပုဂံညောင်ဦးမြို့နယ်ရှိ အများပြည်သူများ ကိုးကွယ်ပူဇော်နိုင်ရန် ညောင်ဦးခရိုင် အုပ်ချုပ်ရေးမှူးနှင့် မြို့မိမြို့ဖများထံ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ပိဋကတ်(၃)ပုံ ပါဠိတော်၏ အဖွင့်ကျမ်းဖြစ်သော အဋ္ဌကထာ ၅၁ အုပ် ပြန်လည်ပုံနှိပ်ထုတ်ဝေနိုင်ရေးအတွက် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ လှူဒါန်းသော အလှူငွေကျပ်သိန်းသုံးထောင်ကို တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်က လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီးက လက်ခံရယူသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် ညောင်ဦးမြို့နယ်ဇေယျဝတီပရိယတ္တိစာသင်တိုက်၌ ဇန်နဝါရီ ၉ ရက်မှစ၍ အသံမစဲ ဥပ္ပါတသန္တိကျမ်းမြတ် ရွတ်ဖတ်ပူဇော်နေမှုကို သွားရောက်ကြည်ညိုနာယူပြီး ဇေယျဝတီစာသင်တိုက် ဆရာတော် ဘဒ္ဒန္တအရိယ အား ဖူးမြော်၍ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ညောင်ဦးမြို့ ဘက်စုံသုံးမြို့နယ်ခန်းမ အဆောက်အအုံအသစ် တည်ဆောက်ရန် ရွေးချယ်အဆိုပြုထားသော အဆောက်အအုံမြေနေရာ၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ဝန်ထမ်းများနှင့် Archaeological Survey of INDIA (ASI) အဖွဲ့တို့ ပူးပေါင်း၍ ပြုပြင်ထိန်းသိမ်းမှုဆောင်ရွက်ခဲ့သည့် သိကြားပုန်းဘုရား ပြုပြင်ထိန်းသိမ်းထားမှု၊ ထီးလိုမင်းလိုဘုရား မိုးကြိုးလွှဲတပ်ဆင်ခြင်းနှင့် ဘုရားပရိဝုဏ်အတွင်းတွင် မူလအုတ်ကြမ်းခင်းများ စမ်းသပ်တူးဖော်မှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အာနန္ဒာဘုရားသို့ သွားရောက်ပြီး အရှေ့ဘက်မုခ်ရှိ ကောဏာဂုံဘုရားနှင့် အနောက်ဘက်မုခ်ရှိ ဂေါတမဘုရား (၂) ဆူအား ရွှေသင်္ကန်းကပ်လှူပြီးစီးမှုကို ဖူးမြော်ကြည်ညို၍ ပုဂံရှေးဟောင်းသုတေသနပြတိုက် အစည်းအဝေးခန်းမ၌ ညောင်ဦးခရိုင်အဆင့်ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံ၍ ယဉ်ကျေးမှုအမွေအနှစ်များ ကာကွယ်ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းစဉ်များကို အလေးထားဆောင်ရွက်နိုင်ရေး မှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မန္တလေးတိုင်းဒေသကြီးအစိုးအဖွဲ့ ရန်ပုံငွေဖြင့် ဆောင်ရွက်ပြီးစီးခဲ့သည့် အလံပုဂံ၊ မရိုးကန်၊ ညောင်လက်ဖက်ကန်တို့ တူးဖော်ပြုပြင်ထိန်းသိမ်းမှု၊ ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသကို Area (၁၁) ပိုင်း သတ်မှတ်၍ ဘုရားများ ရင်ပြင်တော်မှ ပေ ၂၀ အကွာ ပတ်ဝန်းကျင်ပေါင်းမြက် သန့်ရှင်းရေးဆောင်ရွက်ခြင်းနှင့် ဘုရားသွားလမ်း လမ်းဘေးဝဲယာသန့်ရှင်းရေး ဆောင်ရွက်ထားမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်း မြစ်ကြီးနားမြို့ရှိ သူနာပြုသင်တန်းကျောင်းနှင့် တိုင်းရင်းဆေးရုံများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇန်နဝါရီ ၁၀**

ကျန်းမာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာ သက်ခိုင်ဝင်းသည် ကချင်ပြည်နယ်အစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးသန့်ဇင်ကိုကို၊ ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ မြတ်ဝဏ္ဏစိုး၊ ကချင်ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာတင့်နိုင် နှင့်အတူ ယနေ့ မွန်းလွဲပိုင်းတွင် မြစ်ကြီးနားမြို့ သူနာပြုသင်တန်းကျောင်းသို့ ရောက်ရှိကာ သင်တန်းသား သင်တန်းသူများနှင့် တွေ့ဆုံသည်။



ဦးစွာ သူနာပြုသင်တန်းကျောင်းကျောင်းအုပ်ကြီးက သူနာပြုသင်တန်းကျောင်းနှင့် ပတ်သက်၍ သင်ကြားရေးကိစ္စရပ်များ၊ သင်တန်းသား သင်တန်းသူများ၏ စားသောက် နေထိုင်ရေးများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ယနေ့ သင်တန်းသား သင်တန်းသူများသည် နောင်တစ်ချိန်တွင် နိုင်ငံတော်၏ ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍတွင် ကျရာအခန်းကဏ္ဍမှ နေ၍ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မိမိဒေသ၊ မိမိနိုင်ငံ အကျိုးအတွက် နိုင်ငံ့သားကောင်း သမီးကောင်းရတနာများ ဖြစ်အောင် ကြိုးစားသွားရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် ကျန်းမာရေးဝန်ထမ်းများအတွက် ဝတ်စုံစရိတ်၊ စားစရိတ်၊ ပညာရှင်ကြေးများ စသည်ဖြင့် ထောက်ပံ့ပေးလျက်ရှိပြီး ဝန်ကြီးဌာနကလည်း သူနာပြု သင်တန်းသား သင်တန်းသူများ၏ စားဝတ်နေရေး အဆင်ပြေစေရေးအတွက် မျက်ခြည်မပြတ် စောင့်ကြည့်ကာ ဘက်ပေါင်းစုံမှ ထောက်ပံ့ပေးလျက်ရှိပါကြောင်း။

သင်တန်း တက်ရောက်အောင်မြင်ပြီးပါက ကုသရေး လုပ်ငန်းများ၊ ပြည်သူ့ကျန်းမာရေး လုပ်ငန်းများအပြင် သင်ကြားရေး လုပ်ငန်းများကိုပါ ထမ်းဆောင်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ သင်တန်းကျောင်းမှ တာဝန်ရှိသူများက လိုအပ်ချက်များကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်၍ ပြည်ထောင်စုဝန်ကြီးက သူနာပြုသင်တန်းကျောင်း၊ ကျောင်းအုပ်ကြီးထံ သင်တန်းသား သင်တန်းသူများအတွက် ထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မြစ်ကြီးနားမြို့ တိုင်းရင်းဆေးရုံကြီးသို့ သွားရောက်၍ ဆေးရုံတက်ရောက်ကုသနေသော လူနာများကို ရင်းရင်းနှီးနှီး လိုက်လံတွေ့ဆုံနှုတ်ဆက်၍ ထောက်ပံ့ငွေများ ပေးအပ်ကာ ပြည်သူလူထုအားကိုးသည့် တိုင်းရင်းဆေးရုံကြီးဖြစ်သည့်အားလျော်စွာ တိုင်းရင်းဆေးဖြင့် လူနာများ စိတ်အေးချမ်းသာစွာ ကုသနိုင်ရေး စီစဉ်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း မှာကြားပြီး တိုင်းရင်းဆေးရုံကြီးနှင့် ပရဆေးယျာဉ်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❂ *ကျောဖုံးမှ*

၂။ အဆိုပါ ကိုဗစ်-၁၉ ရောဂါ ဗီဇပြောင်းမျိုးကွဲများသည် SARS-CoV-2 Omicron Variant များ ဖြစ်ပြီး စင်ကာပူနိုင်ငံမှပြန်လည်ရောက်ရှိလာသူ (၃)ဦးတွင် Omicron HV.1၊ JN.1 နှင့် EG.5.1.8 variants တို့ကိုလည်းကောင်း၊ ပြည်တွင်းကူးစက်ဖြစ်ပွားသူ (၁၃)ဦးတွင် Omicron JN.1 (၁၁)ဦးနှင့် XBB.1.16.17 (၂)ဦး တို့ကိုလည်းကောင်း အသီးသီးတွေ့ရှိရပြီး ၎င်းတို့အားလုံးသည်ကျန်းမာရေးအခြေအနေများ သက်သာကောင်းမွန်ပါသဖြင့် သက်ဆိုင်ရာဆေးရုံအသီးသီးမှ ဆင်းခွင့်ပြုခဲ့ပြီးဖြစ်ပါသည်။ ယခုတွေ့ရှိရသော SARS-CoV-2 Omicron Variant များတွင် **HV.1၊ JN.1** နှင့် **EG.5.1.8** တို့မှာ မြန်မာနိုင်ငံတွင် အသစ်ထပ်မံတွေ့ရှိသည့် ကိုဗစ်-၁၉ ရောဂါ ဗီဇပြောင်းမျိုးကွဲ (Newly Detected Variants In Myanmar) ဖြစ်ပါသည်။

၃။ သို့ရာတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ထုတ်ပြန်ချက်များအရ အသစ်တွေ့ရှိရသော ကိုဗစ်-၁၉ ရောဂါ ဗီဇပြောင်းမျိုးကွဲ JN.1 သည် EG.5 ကွဲသို့ပင် ပြည်သူ့ကျန်းမာရေးထိခိုက်မှုအန္တရာယ် ဖြစ်နိုင်ခြေနည်းပါးကြောင်း၊ ၎င်းဗီဇပြောင်းမျိုးကွဲပိုးသည် ကူးစက်ပျံ့နှံ့မှု မြင့်တက်လာသော်လည်း ရောဂါပြင်းထန်မှုမရှိပါကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံခြင်းသည် ရောဂါပြင်းထန်မှုမှ ကာကွယ်ရန် ထိရောက်မှုရှိကြောင်း တွေ့ရှိရသဖြင့် ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုကို ခံယူသင့်ပါကြောင်း တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## ပန်းတောင်းမြို့နယ်၌ လူငယ်ရေးရာအသိပညာပေးဟောပြော

**ပန်းတောင်း ဇန်နဝါရီ ၁၀**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဇန်နဝါရီ ၉ ရက်က အ.မ.က(ခတ္တိယ)ကျောင်းနှင့် အ.မ.က(သရက်လိန်) ကျောင်းသို့ အသိပညာပေးဟောပြောခြင်း၊ ပုံပြင်ပြောခြင်း၊ နံရံကပ်စာစောင်ပြသခြင်းများ ဆောင်ရွက်သည်။

အသိပညာပေးဟောပြောပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သင်းသင်းအေးက စာဖတ်ခြင်း၏ အကျိုးကျေးဇူးများကို ဟောပြောပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်နှင်းနုနွယ်က ရုပ်ပြစာအုပ်ဖြင့် အသိပညာပေးဟောပြောသည်။ **လပြည့်လင်း(ပြန်/ဆက်)**

# MNDAA ၊ TNLAA ၊ AA စသည့် အကြမ်းဖက်သောင်းကျန်းသူများ၏ ဘာသာတရားအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ် ဇော်မင်းထွန်း ၏ ပြောကြားချက်

မြန်မာနိုင်ငံသူ နိုင်ငံသားအားလုံး၊ ကမ္ဘာသူ ကမ္ဘာသားအားလုံး ကျန်းမာချမ်းသာပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ဒီနေ့မှာတော့ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ မြန်မာပြည်သူလူထု တစ်ရပ်လုံးရဲ့ လူဦးရေရဲ့ ၉၀ ရာခိုင်နှုန်းကျော် ကမ္ဘာမှာ လူဦးရေ သန်းငါးရာကျော်ရှိတဲ့ ဗုဒ္ဓဘာသာကို ရိုင်းစိုင်းစော်ကားဖျက်ဆီးတဲ့ အကြမ်းဖက်သောင်းကျန်းသူများ လုပ်ရပ်အကြောင်းကို ကမ္ဘာသူ ကမ္ဘာသားများ အားလုံးသိစေဖို့အတွက် တိုင်တည်အသိပေးလိုပါတယ်။ ကမ္ဘာသူ ကမ္ဘာသားများအားလုံး၊ ဘာသာရေးခေါင်းဆောင်များ အားလုံးခင်ဗျာ၊ MNDAA ကိုးကန့်အကြမ်းဖက်သောင်းကျန်းသူများဟာ ကျွန်တော်တို့မြန်မာနိုင်ငံမှာပဲ နေထိုင်ပါတယ်။ မြန်မာ့ရေကို သောက်ပါတယ်။ မြန်မာနိုင်ငံကိုပဲ မှီခိုပြီး အသက်မွေးဝမ်းကျောင်း ပြုလုပ်ခဲ့ပါတယ်။ ဒါပေမယ့် အခုအချိန်မှာတော့ ကျွန်တော်တို့ နိုင်ငံသူ နိုင်ငံသားတွေ၊ ကမ္ဘာ့ဗုဒ္ဓဘာသာဝင်တွေ အထွတ်အမြတ်ထားရာ ဘုရားစေတီတော်ကို အခုလို မိုက်ရိုင်းစော်ကားဖျက်ဆီးခဲ့ပါတယ်။

MNDAA ကိုးကန့်အကြမ်းဖက်သောင်းကျန်းသူများဟာ သူတို့ဝင်ရောက်သောင်းကျန်းဖျက်ဆီးနေတဲ့ မြန်မာနိုင်ငံ ရှမ်းပြည်နယ် (မြောက်ပိုင်း)လောက်ကိုင်မြို့နယ် ဆီအောကျေးရွာရဲ့ မြောက်ဘက်မှာရှိတဲ့ ဆင်ဦးကင်းကုန်း (ပွိုင့်-၂၂၀၂) တောင်ပေါ်မှာရှိတဲ့ ဒေသခံပြည်သူများနဲ့ ဗုဒ္ဓဘာသာဝင်တွေ အထွတ်အမြတ်ထားတဲ့ စေတီတစ်ဆူကို ၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၈ ရက်နေ့က မိုက်ရိုင်းစော်ကား ဖျက်ဆီးနေတာပဲဖြစ်ပါတယ်။ ဒီဘုရားစေတီဆိုတာ ကျွန်တော်တို့ ဗုဒ္ဓဘာသာဝင်တိုင်းက ဗုဒ္ဓမြတ်စွာဘုရား၏ အဆုံးအမနဲ့အညီ ဗုဒ္ဓမြတ်စွာဘုရား၏ကိုယ်စား ကိုးကွယ်မှုပြုတဲ့ ဥဒ္ဒိဿစေတီတော် ဖြစ်ပါတယ်။ ဒီလိုရိုင်းစိုင်းယုတ်မာတဲ့ဖြစ်ရပ်ကြောင့် ကျွန်တော်တို့ ဗုဒ္ဓဘာသာဝင်တွေအားလုံး စိတ်မကောင်းဖြစ်ရပါတယ်။ ဝမ်းနည်းကြေကွဲရပါတယ်။ ဒါဟာ မြန်မာနိုင်ငံမှာရှိတဲ့ ဗုဒ္ဓဘာသာဝင်တွေကိုသာမက ထိုင်းနိုင်ငံမှာရှိတဲ့ ဗုဒ္ဓဘာသာဝင်အားလုံး၊ လာအိုနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ သီရိလင်္ကာနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ တရုတ်နိုင်ငံ စတဲ့ နိုင်ငံတွေနဲ့ ဒီအဖြစ်အပျက်ဖြစ်ပွားရာ မြန်မာနိုင်ငံ ရှမ်းပြည်နယ်နဲ့ နီးစပ်တဲ့ တိဘက်ဒေသ၊ ယူနန်ဒေသ စတဲ့ ကမ္ဘာပေါ်မှာရှိတဲ့ ဗုဒ္ဓဘာသာဝင်များ အားလုံးကို စော်ကားလိုက်တဲ့လုပ်ရပ်ပဲ ဖြစ်ပါတယ်။ အလားတူ ရှမ်းပြည်နယ် မူဆယ်မြို့အဝင် ရပ်တော်မူဘုရားဘုန်းကြီးကျောင်းကိုလည်း ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ၄ ရက်နေ့က မောင်းသူမဲ့လေယာဉ် Drone များကို အသုံးပြုပြီး ဗုံးကြဲချခဲ့ပါတယ်။ ဒါတွေဟာ MNDAA ၊ TNLA ၊ AA စတဲ့အကြမ်းဖက်သောင်းကျန်းသူ သုံးဖွဲ့ရဲ့ ဘာသာတရားအပေါ် အကြမ်းဖက်မှုများဖြစ်ပါတယ်။ ကမ္ဘာသူ ကမ္ဘာသားအားလုံး၊ ဘာသာရေးခေါင်းဆောင်များ အားလုံးခင်ဗျာ။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ကမ္ဘာ့ကိုးကွယ်ရာဘာသာဖြစ်တဲ့ အစ္စလာမ်ဘာသာ၊ ခရစ်ယာန်ဘာသာ၊ ဟိန္ဒူဘာသာ၊ ဗုဒ္ဓဘာသာ စတဲ့ဘာသာကြီး လေးမျိုးအပြင် အခြားကိုးကွယ်ရာဘာသာများကို လွတ်လပ်စွာ ကိုးကွယ်ခွင့်ပြုထားတဲ့နိုင်ငံပဲ ဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရ နိုင်ငံတော်အကြီးအကဲများအနေနဲ့လည်း ကိုးကွယ်ရာဘာသာအလိုက် အားပေးမှုတွေ၊ ချီးမြှောက်မှုတွေ၊ ထောက်ပံ့မှုတွေကို စဉ်ဆက်မပြတ် ပြုလုပ်လျက် ရှိပါတယ်။ ကမ္ဘာသူ ကမ္ဘာသား အားလုံး၊ ဘာသာရေးခေါင်းဆောင်များ အားလုံး ခင်ဗျာ။ ကျွန်တော်တို့အားလုံးရဲ့ ယုံကြည်ကိုးကွယ်ရာဘာသာ တရားအားလုံးရဲ့အခြေခံအဆုံးအမဟာ လူသားတစ်ဦးနဲ့တစ်ဦး ချစ်ခင်ကြဖို့၊ ကြင်နာကြဖို့၊ မေတ္တာတရားထားကြဖို့၊ လေးစားတန်ဖိုးထားကြဖို့ပဲ ဖြစ်ပါတယ်။ ဒါတွေကို ဆန့်ကျင်နေတဲ့ အကြမ်းဖက်သောင်းကျန်းသူများရဲ့ ယုတ်မာတဲ့ လုပ်ရပ်ကို ကမ္ဘာသူ ကမ္ဘာသားအားလုံး သိမြင်ကြစေချင်ပါတယ်။ ဝိုင်းဝန်းထိန်းသိမ်းကြစေချင်ပါတယ်။ သိမြင်ကြစေဖို့၊ ဝိုင်းဝန်းထိန်းသိမ်းနိုင်ကြစေဖို့ တင်ပြလိုက်ရပါတယ် ခင်ဗျာ။ ကမ္ဘာသူ ကမ္ဘာသားအားလုံး ကျန်းမာချမ်းသာ ဘေးဘယာဝေးကွာကြပါစေခင်ဗျာ။









ဗုဒ္ဓဘာသာဝင်များ အထွတ်အမြတ်ထားရာ စေတီတစ်ဆူအား MNDAA အကြမ်းဖက်သောင်းကျန်းသူများက သံတူဖြင့် ထု၍ စေတီအား ဖြိုချဖျက်ဆီးမှုကြောင့် ပျက်စီးမှုများကို တွေ့ရစဉ်။

## ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့် အမှတ်(၂)သံမဏိစက်ရုံ (ပင်းပက်) ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၁၀

စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်သည် ဇန်နဝါရီ ၇ ရက် နံနက်ပိုင်းတွင် ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ အမှတ်(၂) သံမဏိစက်ရုံ (ပင်းပက်) သို့ သွားရောက် ကြည့်ရှုစစ်ဆေးသည်။



ဦးစွာ စက်ရုံအစည်းအဝေးခန်းမ၌ စက်ရုံမှူးနှင့် တာဝန်ရှိသူများက Danieli Technical Report ပါ ဆောင်ရွက်ရမည့် အချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု၊ ၂၀၂၃ - ၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် အပ်နှံထားသော ငွေအပ်လုပ်ငန်းများတိုးတက်မှု၊ ၂၀၂၃ - ၂၀၂၄ ဘဏ္ဍာရေးနှစ် မူလဘတ်ဂျက်လျာထားခေါင်းစဉ်နှင့် ဆက်စပ်အကျုံးဝင်သည့် လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ် စက်နှင့်စက်ပစ္စည်းခေါင်းစဉ်နှင့် အခြားခေါင်းစဉ်များမှ ငွေအပ်လုပ်ငန်းအဖြစ် အပ်နှံထားသည့် လုပ်ငန်း ငါးခုအတွက် ကျသင့်သည့် တန်ဖိုးများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ အမြန်ဆုံးပေးချေနိုင်ရေး ဆောင်ရွက်ရန်၊ လုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ခန့်မှန်းကုန်ကျစရိတ်များ တွက်ချက်ရာတွင် မှီငြမ်းကိုးကားသည့် အထောက်အထားများကို ထည့်သွင်းဖော်ပြရန်နှင့် သက်ဆိုင်ရာအဖွဲ့အစည်းများမှ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေနှင့် စာရင်းများစစ်ဆေးသည့်အချိန်တွင် ခိုင်မာသည့် အထောက်အထားများဖြင့် ရှင်းလင်းတင်ပြရန်၊ စက်ရုံလည်ပတ်နိုင်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်နေသည့် လုပ်ငန်းများနှင့်ပတ်သက်၍ အစစ်ဆေးခံနိုင်ရေးအတွက် လိုအပ်သည့်အချက်အလက်များကို စနစ်တကျပြုစုထားရှိရန်၊ ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် ဆောင်ရွက်သည့်လုပ်ငန်းများနှင့် ပတ်သက်၍ ယခုဘဏ္ဍာနှစ်အတွင်း ပြီးစီးအောင်ဆောင်ရွက်နိုင်ရေး ကြပ်မတ်ဆောင်ရွက်ရန်နှင့် အလုပ်ရုံအလိုက် ပြုပြင်ပြီးစီးသည့် စက်ပစ္စည်းများ ပျက်စီးဆုံးရှုံးမှုမရှိစေရေးအတွက် အမြဲမပြတ်ကြည့်ရှုစစ်ဆေးရန်နှင့် လိုအပ်ပါက ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းများကို ချက်ချင်းဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် စက်ရုံအတွင်းရှိ စွန့်ပစ်အပူသုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုအလုပ်ရုံတွင် တာဘိုင်နှင့် ဂျင်နရေတာနှစ်စုံနှင့် ဆက်စပ်သည့် အစိတ်အပိုင်းများတပ်ဆင်ခြင်း ဆောင်ရွက်နေမှု၊ Romelt Shop ရှိ ချော်ကန်နှင့် သံရည်ကန်များတွင် ရေဖြင့်အအေးခံစနစ်တပ်ဆင်ရေးလုပ်ငန်း၊ အလိုအလျောက် ထိန်းချုပ်မောင်းနှင်မှုစနစ်များဆောင်ရွက်နေမှုနှင့် စက်ပစ္စည်းကိရိယာများ ထပ်မံလိုအပ်မှု၊ ၁၂၅ တန် ကရိန်းတွင် ဘရိတ်စနစ် ပြုပြင်တပ်ဆင်ရန် လိုအပ်မှု၊ Control Cable နှင့် Power Cable များ ပြုပြင်ရန် လိုအပ်မှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း စခန်းအခြေပြုပြန်လည်ထူထောင်ရေးသင်တန်း(၁/၂၀၂၃) ဖွင့်ပွဲအခမ်းအနားနှင့် သက်တံ့အိမ် မသန်စွမ်းပြန်လည်ထူထောင်ရေးဂေဟာ အဆောက်အအုံဖွင့်ပွဲများ တက်ရောက်

**နေပြည်တော် ဇန်နဝါရီ ၁၀**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း(ကျိုင်းတုံ)၌ စခန်းအခြေပြု ပြန်လည်ထူထောင်ရေးသင်တန်းအမှတ်စဉ်(၁/၂၀၂၃)ကို ယနေ့ နံနက် ၉ နာရီတွင် ကျင်းပသည်။

**မူးယစ်ဆေးသုံးစွဲမှုကင်းစင်ရေး**

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက သင်တန်းများတွင် စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ပြန်လည်ထူထောင်ပေးခြင်းနှင့် အသက်မွေးဝမ်းကျောင်း ပညာသင်ကြားပေးခြင်းတို့ကို သင်ကြားပေးလျက်ရှိပါကြောင်း၊ မူးယစ်ဆေးသုံးစွဲမှု လျော့နည်းစေရေးနှင့် မူးယစ်ဆေးသုံးစွဲမှု ကင်းစင်ရေးတို့အတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးရခြင်းဖြစ်ပါကြောင်း၊ လူငယ်များကို အသိပညာပေးရုံသာမက ပြည်သူလူထုနှင့် ဌာနဆိုင်ရာများကလည်း ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ကိုယ်စား ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းအရှေ့) ဥက္ကဋ္ဌနှင့် ခရိုင်အားကစားနှင့်ကာယပညာဦးစီးဌာနတို့က စားသောက်ဖွယ်ရာများ၊ ထောက်ပံ့ငွေနှင့်အားကစားပစ္စည်းများ



ပေးအပ်ရာ စခန်းမန်နေဂျာက လက်ခံရယူသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် သင်တန်းသားများကို ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကားပြောကြားပြီး သင်တန်းသားအိပ်ဆောင်နှင့် ကျောင်းပတ်ဝန်းကျင်ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများသည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနနှင့် New Humanity Myanmar (NHM) တို့ ပူးပေါင်းဖွင့်လှစ်သော ကျိုင်းတုံမြို့နယ် သက်တံ့အိမ် မသန်စွမ်းပြန်လည်ထူထောင်ရေး နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး **(အပေါ်ပုံ)** ကမ္ပည်းဆိုင်းဘုတ်ကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

**လက်ဆောင်ပစ္စည်းများ ပေးအပ်**

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် သက်တံ့အိမ်မသန်စွမ်း ပြန်လည်ထူထောင်ရေးဂေဟာတွင် နေ့ပိုင်းစောင့်ရှောက်မှုပေးနေသော မသန်စွမ်းကလေးငယ်များနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံပြီး စားသောက်ဖွယ်ရာများနှင့် လက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။ သက်တံ့အိမ်မသန်စွမ်း ပြန်လည်ထူထောင်ရေး နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာသည် မသန်စွမ်း ကလေးငယ် ၅၀ ကို လက်ခံစောင့်ရှောက်ပေးနိုင်ပြီး ဂေဟာကို ၂၀၂၃ ခုနှစ်တွင် ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။

ဝန်ကြီးဌာနက ထောက်ပံ့လျက်ရှိသော ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှ မွေးဖွားသောကလေးအသက် နှစ်နှစ်အထိ ထောက်ပံ့မှုများကို ကလေးငယ်များ အာဟာရဖွံ့ဖြိုးရေးကို ဦးတည်ဆောင်ရွက်လျက်ရှိရာ ကျိုင်းတုံခရိုင်အတွင်းရှိ မြို့နယ် ငါးမြို့နယ်အတွက် အကျိုးခံစားခွင့်ရှိသူ စုစုပေါင်း ၅၄၉၅ ဦးကို ၂၀၂၃ ခုနှစ် စက်တင်ဘာလတွင် ထောက်ပံ့ပေးခဲ့ပြီးဖြစ်သည်။ ယခုအခါတွင် နိုင်ငံသားအသိအမှတ်ပြုကတ်ပြားပြန်လည်ဆောင်ရွက်ပြီးသော အကျိုးခံစားခွင့်ရှိသူ ၄၁၄ ဦးအတွက် ဒုတိယအသုတ်အဖြစ် ထောက်ပံ့ပေးခဲ့သည်။ ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှမွေးဖွားသော ကလေးအသက် နှစ်နှစ်အထိ ထောက်ပံ့မှုများကို ကလေးစုစုပေါင်း ၅၈၇၃ ဦးအတွက် ထောက်ပံ့ငွေကျပ် ၂၅၅ ဒသမ ၆၃ သန်း ထောက်ပံ့ပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဒေသထွက် MSME ကုန်ထုတ်လုပ်ငန်းများ ခင်းကျင်းပြသရောင်းချနိုင်ရေး ပထမအကြိမ် လုပ်ငန်းညှိနှိုင်းစည်းဝေး

**နေပြည်တော် ဇန်နဝါရီ ၁၀**

၂၀၂၄ ခုနှစ် (၇၇) နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နေပြည်တော်နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဒေသထွက် MSME ကုန်ထုတ်လုပ်ငန်းများကို နေပြည်တော် တပေါင်းကွင်း၌ ခင်းကျင်းပြသရောင်းချနိုင်ရေး ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီ အဖွဲ့ဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်၊ အမြဲတမ်းအတွင်းဝန်၊ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ ဌာနကြီးမှူးများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များမှ စီးပွားရေးရာဝန်ကြီးများနှင့် တာဝန်ရှိသူများက အွန်လိုင်းစနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက (၇၇) နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နေပြည်တော်၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ဒေသထွက် MSME ကုန်ထုတ်လုပ်ငန်းများနှင့်ပတ်သက်၍ ဒေသထွက်ကုန်ပစ္စည်းများနှင့် ရိုးရာအစားအစာများ ခင်းကျင်းပြသရောင်းချမှုကို ခမ်းနားထည်ဝါစွာဖြင့် အောင်မြင်စွာကျင်းပနိုင်ရေး၊



အများပြည်သူများ လုံခြုံအေးချမ်းစွာဖြင့် လာရောက်ကြည့်ရှုနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ရေး၊ လုံခြုံရေး၊ လျှပ်စစ်မီးရရှိရေး၊ ကျန်းမာရေး စောင့်ရှောက်မှုပေးနိုင်ရေးနှင့် ပြည်သူများ အပန်းဖြေနိုင်ရန်အတွက် ဖျော်ဖြေရေး အစီအစဉ်များ ဆောင်ရွက်ရေး တို့ကို အောင်မြင်အောင် ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီး မင်းနောင်က (၇၇) နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် MSME ထုတ်ကုန်များ ခင်းကျင်းပြသနိုင်ရေး ဆပ်ကော်မတီဖွဲ့စည်းထားမှုအခြေအနေကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးဌာန ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ စီးပွားရေးရာဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဒေသထွက် MSME ထုတ်ကုန်များနှင့် အစားအစာများ ခင်းကျင်းပြသရောင်းချမည့်အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နေပြည်တော်ကောင်စီ အဖွဲ့ဝင်များက ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။


**သတင်းစဉ်**

# ဂေါ်ရန်ဂျီကျွန်းသို့ ပြီးခဲ့သည့်ဒီဇင်ဘာလအတွင်း ခရီးသွားစိတ်ဝင်စားမှုများပြားခဲ့

**ရန်ကုန် ဇန်နဝါရီ ၁၀**

ဧရာဝတီတိုင်းဒေသကြီး ဂေါ်ရန်ဂျီကျွန်းသို့ပြီးခဲ့သည့်ဒီဇင်ဘာလအတွင်း ခရီးသွားစိတ်ဝင်စားမှုရှိခဲ့ပြီး လာရောက်လည်ပတ်သူများခဲ့ကြောင်း ဂေါ်ရန်ဂျီခရီးသွားဧည့်လမ်းညွှန်များထံမှ သိရသည်။

ဂေါ်ရန်ဂျီကျွန်းသို့ လမ်းခရီးသွားလာရခက်ခဲမှုများကြောင့် ခရီးသွားလာမှုနည်းပါးသော်လည်း ပြီးခဲ့သည့်နှစ် ဒီဇင်ဘာလရုံးပိတ်ရက်များတွင် ရန်ကုန်တိုင်းဒေသကြီးအပြင် အခြားဒေသများမှ ပြည်တွင်းခရီးသွားများ စိတ်ဝင်စားမှုရှိပြီး လာရောက်လည်ပတ်ခဲ့ကြကြောင်း ဂေါ်ရန်ဂျီလမ်းညွှန်



ကိုကွေ့ကာက ပြောကြားသည်။

"လာတဲ့သူတွေကတော့ နေရာဒေသအမျိုးမျိုးက ရှိပါတယ်။ ကျွန်တော်နဲ့သွားတဲ့ဧည့်သည်တွေကျတော့ ကချင်၊ မိုးကုတ်၊ ရှမ်း၊ မူဆယ်၊ လားရှိုးဘက်တွေက ခရီးသွားတွေပါ" ဟု ဆိုသည်။

ယခင်ကာလကဲ့သို့ ခရီးသွားလာမှုများပြားခြင်းမရှိသော်လည်း ယခုကဲ့သို့ခရီးသွားပြန်လည်ဝင်ရောက်လာခြင်းသည် ဝမ်းသာစရာတစ်ခုဖြစ်ကြောင်း ၎င်းကဆိုသည်။

"အရင် ၂၀၁၇၊ ၂၀၁၈၊ ၂၀၁၉၊ ၂၀၂၀ ကာလကလို ခရီးသွားလာမှုပြန်ပြီးမများသေးပေမယ့် ဒီနှစ်မှာပြန်ပြီး စိတ်ဝင်စားလာကြတယ်။ ၂၀၂၁ ကာလ၊ ၂၀၂၂ အစောပိုင်းကာလတွေကဆိုရင် အခြေအနေအမျိုးမျိုးကြောင့် ခရီးသွားလာမှုတွေ သိပ်မရှိခဲ့ဘူး။

ဂေါ်ရန်ဂျီက သွားလာရခက်ခဲတာတွေကြောင့် သွားလာတာနည်းပေမယ့် အခုက လမ်းကလည်း နည်းနည်းကောင်းလာတော့ ကိုယ်ပိုင်ကားလေးတွေနဲ့ လာကြတာတွေရှိတယ်။ ဖေဖော်ဝါရီလမှာဆိုရင်လည်း ရုံးပိတ်ရက် သုံးရက်လောက်ရှိတော့ လာရောက်နိုင်တာမျိုးရှိတယ်" ဟု ကိုကွေ့ကာက ဆိုသည်။

**MT**

# သာယာဝတီမြို့ စိုက်ပျိုးရေးသိပ္ပံကျောင်းတွင် အခြေခံစားသုံးကုန်များ သက်သာသောဈေးနှုန်းဖြင့်ရောင်းချပေး

**သာယာဝတီ ဇန်နဝါရီ ၁၀**

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ်တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့၏စီစဉ်မှုဖြင့် စိုက်ပျိုးရေးသိပ္ပံကျောင်းရှိ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား သက်သာသောဈေးနှုန်းဖြင့် ဆန်၊ ဆီ၊ သား၊ ငါး၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များကို ဇန်နဝါရီ ၈ ရက်က ရောင်းချပေးသည်။

ယင်းသို့ရောင်းချရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ ဦးဆောင်၍ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ စားသုံးသူရေးရာဦးစီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ပူးပေါင်း ၍ စိုက်ပျိုးရေးသိပ္ပံကျောင်းရှိ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား ဆန်တစ်ပြည်လျှင် ကျပ် ၂၉၀၀ နှုန်းဖြင့် ဆန် ငါးအိတ်၊ ငါးတစ်ပိဿာလျှင် ကျပ် ၅၀၀၀ နှုန်းဖြင့် ၁၀ ပိဿာ၊ စားအုန်းဆီတစ်ပိဿာလျှင် ကျပ် ၅၀၀၀ နှုန်းဖြင့် ပိဿာ ၁၁၀၊ ကြက်ဥတစ်လုံးလျှင် ကျပ် ၂၂၀ နှုန်းဖြင့် အလုံး ၈၀၀၊ ပန်းဂေါ်ဖီ၊ မုန်လာဥနှင့် ဟင်းသီးဟင်းရွက်မျိုးစုံကို ဖြန့်ဝေရောင်းချပေးခဲ့သည်။

**ခရိုင် (ပြန်/ဆက်)**

## ကရင်အမျိုးသားနှစ်သစ်ကူးနေ့အထိမ်းအမှတ် ရိုးရာလှေလှော်ပြိုင်ပွဲကျင်းပ

**ဘားအံ ဇန်နဝါရီ ၁၀**

ကရင်သက္ကရာဇ် ၂၇၆၃ ခုနှစ် ကရင်အမျိုးသားနှစ်သစ်ကူးနေ့ အထိမ်းအမှတ် ရိုးရာလှေလှော်ပြိုင်ပွဲကို ဇန်နဝါရီ ၁၀ ရက် နံနက် ၈ နာရီက ဘားအံမြို့ အမှတ်(၃)ရပ်ကွက် သံလွင်မြစ်ကမ်းနား ညဈေးတန်းနေရာ၌ကျင်းပရာ ဘားအံမြို့နယ်ရှိ တိုက်နယ်ကိုးခုမှ ပြိုင်ပွဲဝင်အသင်း ကိုးသင်း၊ အားကစားသမား စုစုပေါင်း ၂၅၅ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြသည်။



ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက အားကစားပြိုင်ပွဲများမှတစ်ဆင့် တစ်ဦးနှင့်တစ်ဦး ချစ်ကြည်ရင်းနှီးမှုများတိုးပွားလာကာ အချင်းချင်းကူညီရိုင်းပင်းဖေးမစောင့်ရှောက်မှုများကို ရရှိလာစေနိုင်မည် ဖြစ်သည့်အတွက် ပြိုင်ပွဲများကို စဉ်ဆက်မပြတ် ကျင်းပပေးသွားရန် လိုအပ်မည်ဖြစ်ကြောင်း၊ ပြိုင်ပွဲဝင်အသင်းများအနေဖြင့် မိမိတို့ကိုယ်စားပြုအသင်းများ အနိုင်ရရှိအောင် ရှက်ကုန်တက်ကုန်အားကြိုးမာန်တက် ကြိုးစားယှဉ်ပြိုင်ကစားသွားကြရန် တိုက်တွန်းမှာကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ပြိုင်ပွဲတွင် အမျိုးသား/ အမျိုးသမီး (၅)တက်လှော်ပြိုင်ပွဲ၊ (၇)တက်လှော်ပြိုင်ပွဲ၊ နဂါးလှေပြိုင်ပွဲတစ်ခုဖြစ်သော အမျိုးသား/ အမျိုးသမီး (၂၀) တက်လှော်ပြိုင်ပွဲ တို့တွင် အမျိုးသား/အမျိုးသမီး အားကစားသမားပေါင်း ၂၅၅ ဦး တို့၏ သံလွင်မြစ်အတွင်း အားကြိုးမာန်တက် ယှဉ်ပြိုင်နေမှုများကို ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီး၊ ပြည်နယ် တရားလွှတ်တော်တရားသူကြီးချုပ်၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ဒေသခံတိုင်းရင်းသားပြည်သူများက ကြည့်ရှုအားပေးကြသည်။

လှေလှော်ပြိုင်ပွဲကို ဇန်နဝါရီ ၁၀ ရက်မှ ၁၁ ရက်အထိ နှစ်ရက်ကြာ ကျင်းပသွားမည်ဖြစ်သည်။

အလားတူ ဘားအံမြို့နယ်အတွင်း ယာယီပြောင်းရွှေ့နေထိုင်ကြသော နေရပ်စွန့်ခွာပြည်သူများအား ဆန်၊ ဆီ ထောက်ပံ့ပေးအပ်ပွဲကို ဇန်နဝါရီ ၉ ရက်က ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်း ဓမ္မာရုံ၌ ကျင်းပသည်။

ထောက်ပံ့ ပေးအပ်ရာတွင် ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် ပြည်နယ် အစိုးရအဖွဲ့ဝင်များက ဒီဇင်ဘာ ၁၂ ရက်နှင့် ဇန်နဝါရီ ၁ ရက်တို့တွင် ဘားအံမြို့နယ်အတွင်းသို့ ထပ်တိုးရောက်ရှိလာသော အိမ်ထောင်စု ၁၄၀၊ လူဦးရေ ၆၀၈ ဦးအား ဆန် (၄၆ အိတ် ၁၆ ပြည်)၊ ဆီ လီတာ ၁၄၀ နှင့် ကြက်ဥအလုံး ၁၄၀၀ ကို ထောက်ပံ့ပေးအပ်ရာ ယာယီနေရပ်စွန့်ခွာပြည်သူများ ကိုယ်စား ကိုယ်စားလှယ်တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်သည် ယာယီနေရပ်စွန့်ခွာပြည်သူများ၏ ကျောင်းနေအရွယ်ကလေးငယ်များအား ဂုဏ်ပြုငွေများပေးအပ်ပြီး တစ်ဦးချင်း ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်၍ အားပေးစကားများ ပြောကြားခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## “တောင်ဇလပ် တေးကဗျာ” တေးဂီတဖျော်ဖြေပွဲ မြန်မာ့ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသမည်

**နေပြည်တော် ဇန်နဝါရီ ၁၀**




(၇၇) နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ချင်းတိုင်းရင်းသား၊ တိုင်းရင်းသူများ တီးခတ်သီဆိုဖျော်ဖြေတင်ဆက်မည့် “တောင်ဇလပ်တေးကဗျာ”တေးဂီတဖျော်ဖြေပွဲကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV- HD Channel မှ Friday Night Live Show အဖြစ် ဇန်နဝါရီ ၁၂ ရက် (သောကြာနေ့) ည ၉ နာရီခန့်တွင် တိုက်ရိုက်ထုတ်လွှင့်ပြသမည်ဖြစ်သည်။

အဆိုပါ တေးဂီတဖျော်ဖြေပွဲကို ချင်းတိုင်းရင်းသားများတီးခတ်မည့် MQT Music Band နှင့်အတူ ချင်းတိုင်းရင်းသား/တိုင်းရင်းသူ တေးသံရှင်များဖြစ်ကြသည့် ဒါးလ်ပီး၊ ဟူးသယ်၊ အော်စကာမှိုင်းမှိုင်း၊ ဆလိုင်းလာလ်ထာ၊ ဗန်ဗျက်ခူးမ်၊ ဆူဆန်၊ ဖီဘီဘွဲ့နယ်ဆွီး၊ ဟာနကျဲရ်၊ မေထက်အေး၊ ဗန်အေးမွေးနှင့် လာလ်အဲင်းမွေး တို့က တောင်ဇလပ်ပန်းများနှင့် ပန်းရောင်စုံဖူးပွင့်သည့် ချင်းတောင်တန်း၊ ချင်းပြည်နယ်၏ အေးချမ်းသာယာလှပမှုများ၊ ချင်းရိုးရာဓလေ့နှင့် အစားအစာများ၊ ဖြူစင်ရိုးသားမှုနှင့် ချစ်ခြင်းမေတ္တာ တေးသီချင်းများကို မြန်မာ-ချင်း နှစ်ဘာသာဖြင့် သီဆိုဖျော်ဖြေကြမည်ဖြစ်ကြောင်းနှင့် ယင်းအစီအစဉ်ကို ဇန်နဝါရီ ၁၄ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီခွဲတွင်လည်း Replay ထပ်မံပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

**နိုင်ငံတစ်ဝန်းစိမ်းလန်းဖို့ သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့**

# နိုင်ငံတကာသတင်း

## မြေပြိုကျမှုအန္တရာယ်ထပ်မံဖြစ်ပေါ်နိုင်ကြောင်း အင်ဒိုနီးရှားဘေးအန္တရာယ်လျှော့ပါးရေးအေဂျင်စီသတိပေး

**ဂျကာတာ ဇန်နဝါရီ ၁၀**

အင်ဒိုနီးရှားနိုင်ငံ၏ မြို့တော်ဂျကာတာတစ်ခွင် မိုးသည်းထန်စွာ အဆက်မပြတ် ရွာသွန်းနေသည့်အတွက် နေရာအများအပြားတွင် မြေပြိုကျမှုအန္တရာယ် ထပ်မံဖြစ်ပေါ်လာနိုင်ကြောင်း မြို့တော်သဘာဝဘေးအန္တရာယ်လျှော့ပါးရေးအေဂျင်စီက သတိပေးထားသည်။

အင်ဒိုနီးရှားနိုင်ငံ၏ အကြီးဆုံးမြို့အတွင်းရှိ ခရိုင်ခွဲ ၁၆ ခုခန့် ယခုလတွင် မြေပြိုကျမှုများဖြစ်ပွားနိုင်သည့် အလားအလာရှိကြောင်း အဆိုပါ အေဂျင်စီအကြီးအကဲ အစ္စနာဝါ အက်ဂျီက ဇန်နဝါရီ ၁၀ ရက်တွင် မီဒီယာသို့ ပြောသည်။

ထိုဧရိယာဒေသများမှာ မြို့တော်အလယ်ပိုင်း၊ အရှေ့ပိုင်းနှင့် တောင်ပိုင်းတို့ဖြစ်ကြောင်း ၎င်းက ဆက်ပြောသည်။ ပုံမှန်မဟုတ်သော မိုးရွာသွန်းမှုများကြောင့် မြစ်ကမ်းနားနှင့် ချောက်ကမ်းပါးအနီး ဒေသများတွင် မြေပြိုကျမှုများ ဖြစ်ပေါ်လာနိုင်သည်ဟုဆိုကာ သတိဝီရိယဖြင့် နေထိုင်ကြရန် ဒေသခံများနှင့် ပြည်သူများအား ၎င်းက တိုက်တွန်းထားသည်။

အင်ဒိုနီးရှားနိုင်ငံ၌ မုတ်သုံရာသီတွင် ရေကြီးရေလျှံမှုနှင့် မြေပြိုကျမှုကဲ့သို့သော သဘာဝဘေးအန္တရာယ်များ မကြာခဏဖြစ်ပွားလေ့ရှိသည်။

**ဆင်ဟွာ**

## ကိုယ်တိုင်ထုတ်လုပ်ထားသည့် လျှပ်စစ်ကားစီးရီးအသစ်ကို ဟွန်ဒါ မိတ်ဆက်သွားမည်

**တိုကျို ဇန်နဝါရီ ၁၀**

ကိုယ်တိုင်ထုတ်လုပ်ထားသည့် လျှပ်စစ်ကားစီးရီးအသစ်ကို ၂၀၂၆ ခုနှစ်တွင် မိတ်ဆက်သွားရန် အစီအစဉ်ရှိကြောင်း ဟွန်ဒါကားကုမ္ပဏီက ကြေညာခဲ့သည်။

တစ်ကမ္ဘာလုံးဆိုင်ရာ လျှပ်စစ်ကားဈေးကွက်တွင် ဟွန်ဒါ၏ပါဝင်ပတ်သက်မှုကို တိုးချဲ့ရန် ကုမ္ပဏီ၏ ပထမဆုံးခြေလှမ်းဖြစ်ကြောင်း ပြောသည်။ ဂျပန်ကားကုမ္ပဏီဖြစ်သည့် ဟွန်ဒါသည် လက်စ်ဗီးဂတ်တွင် နှစ်စဉ်ပြုလုပ်သည့် နည်းပညာပြပွဲ၌ ဟွန်ဒါဇီးရိုးစီးရီးမော်ဒယ်နှစ်ခုကို ထုတ်ဖော်ပြသခဲ့သည်။ အာရှနှင့် အခြားနေရာများတွင် ရောင်းချခြင်းမပြုမီ မြောက်အမေရိကတွင် ပထမဆုံးအကြိမ် မိတ်ဆက်သွားမည်ဖြစ်သည်။ သေးငယ်သည့် ဖရိန်တစ်ခုနှင့် ပေါ့ပါးပြီးထိရောက်သော ဘက်ထရီပေါင်းစပ်ထည့်သွင်းနိုင်ရေး ရည်ရွယ်ထားသည်။

အဆိုပါကားသည် တစ်ကြိမ်အားသွင်းရုံဖြင့် ကီလိုမီတာ ၄၈၀ ကျော် ခရီးနှင်နိုင်မည်ဖြစ်သည်။ ဟွန်ဒါကုမ္ပဏီသည် ၂၀၂၇ ခုနှစ်တွင် လျှပ်စစ်ကားများရောင်းချရန် ရည်ရွယ်ချက်ဖြင့် ဂျင်နရယ်မော်တာကုမ္ပဏီနှင့် ပူးပေါင်းထုတ်လုပ်ခဲ့သော်လည်း အောက်တိုဘာလအတွင်း ဖျက်သိမ်းခဲ့သည်။ **အင်န်အိတ်ချ်ကေ**

## သီရိလင်္ကာနိုင်ငံ၌ လူမှုဖူလုံရေးအကျိုးခံစားခွင့် အစီအစဉ်ကို တိုးမြှင့်ဆောင်ရွက်မည်

**ကိုလံဘို ဇန်နဝါရီ ၁၀**

နိုင်ငံအတွင်း ခက်ခဲသော စီးပွားရေးအခြေအနေကြောင့် သီရိလင်္ကာအစိုးရသည် မိသားစု ၂ ဒသမ ၄ သန်း လွှမ်းခြုံနိုင်စေရေးအတွက် လူမှုဖူလုံရေးအကျိုးခံစားခွင့်အစီအစဉ်တစ်ရပ်ကို တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဘဏ္ဍာရေးနှင့် စီးပွားရေးတည်ငြိမ်ရေးဝန်ကြီးဌာနက ဇန်နဝါရီ ၁၀ ရက်က ထုတ်ပြန်ချက်တွင် ပြောသည်။ အဆိုပါ ဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် မိသားစု နှစ်သန်း သက်သာချောင်ချိစေရေးအတွက် လူမှုဖူလုံရေးအကျိုးခံစားခွင့်အစီအစဉ်ကို စတင်အကောင်အထည်ဖော်ခဲ့ကြောင်း၊ လက်ရှိတွင် မိသားစု ၁ ဒသမ ၄ သန်း အကျိုးခံစားခွင့်ရရှိပြီဖြစ်ကြောင်း သိရသည်။ ကမ္ဘာ့ဘဏ်နှင့် အခြားသောနိုင်ငံတကာအဖွဲ့အစည်းများက အဆိုပါ အစီအစဉ်ကို အနီးကပ်စောင့်ကြည့်နေပြီး ဆက်စပ်အကြံဉာဏ်များ ပေးလျက်ရှိကြောင်း ဘဏ္ဍာရေးဝန်ကြီး ရှီဟာန် ဆီမာ ဆင်ဂီက ပြောသည်။

**ဆင်ဟွာ**

## နောက်ဆုံးရနိုင်ငံတကာသတင်းတိုများ

### ဟူသီသူပုန်များက ပင်လယ်နီတောင်ပိုင်းသို့ ဒရုန်းများ၊ ဒုံးကျည်များဖြင့်တိုက်ခိုက်

ယီမင်အခြေစိုက် ဟူသီသူပုန်များက ပင်လယ်နီတောင်ပိုင်းသို့ ဒရုန်းများ၊ ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည်ဟု အမေရိကန်ဗဟိုကွပ်ကဲရေးဌာနက ပြောသည်။ အဆိုပါတိုက်ခိုက်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိသူမရှိကြောင်း အမေရိကန်ဗဟိုကွပ်ကဲရေးဌာနက လူမှုကွန်ရက်မီဒီယာပေါ်တွင် ဖော်ပြခဲ့သည်။ ဂါဇာဒေသတွင် အစ္စရေးတို့၏ လေကြောင်းတိုက်ခိုက်မှုကို တုံ့ပြန်သည့်အနေဖြင့်လည်းကောင်း၊ ပါလက်စတိုင်းတို့နှင့် ချစ်ကြည်ရင်းနှီးမှုကို ပြသသည့်အနေဖြင့်လည်းကောင်း ဟူသီသူပုန်များသည် မကြာသေးမီရက်ပိုင်းအတွင်း ကုန်တင်သင်္ဘောကြီးများကို တိုက်ခိုက်မှုများ ပြုလုပ်ခဲ့သည်။ **ဆင်ဟွာ**

### လပေါ်သို့ဆင်းသက်မည့် မစ်ရှင် အချိန်နှောင့်နှေးမည်ဟု နာဆာပြော

လပေါ်သို့ အာကာသယာဉ်မှူးများဆင်းသက်မည့် နိုင်ငံတကာ မစ်ရှင်ကို ၂၀၂၅ ခုနှစ်နှောင်းပိုင်းတွင် ပြုလုပ်မည်ဟု သတ်မှတ်ထားရာမှ ၂၀၂၆ ခုနှစ် စက်တင်ဘာသို့ပြောင်းရွှေ့လိုက်ကြောင်း အမေရိကန်အာကာသအေဂျင်စီ နာဆာက ကြေညာခဲ့သည်။ အာတစ်မစ် မစ်ရှင်ဟု အမည်ပေးထားသည့် လပေါ်သို့ အာကာသယာဉ်မှူးများ ဆင်းသက်မည့်အစီအစဉ်မှာ အပိုလို ခရီးစဉ်ပြီးနောက် ရာစုဝက်ကြာပြီးမှ လပေါ်သို့ နောက်တစ်ကြိမ် လူဆင်းသက်မည့်အစီအစဉ်အဖြစ် ရည်ရွယ်ထားသည်။ လုံခြုံစိတ်ချရရေးမှာ ဦးစားပေးအစီအစဉ်ဖြစ်ကြောင်း နာဆာမှ အုပ်ချုပ်ရေးမှူးဖြစ်သူ ဘေးလ် နီဆင်ကပြောသည်။ လကမ္ဘာ စူးစမ်းလေ့လာရေးကိုလည်း အာတစ်မစ် အစီအစဉ်၏ အောက်တွင် ၂၀၂၆ ခုနှစ်နောက်ပိုင်း၌ ဆက်လက်ပြုလုပ်သွားမည်ဖြစ်သည်။

**အင်န်အိတ်ချ်ကေ**

# နတ်သံကွင်းရဲစခန်းအား အကြမ်းဖက်သမားများလာရောက်တိုက်ခိုက်သည့်ဖြစ်စဉ်တွင် စွမ်းစွမ်းတမံ ပါဝင်ဆောင်ရွက်ခဲ့ကြသည့် တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအား ဂုဏ်ပြုချီးမြှင့်

**နေပြည်တော် ဇန်နဝါရီ ၁၀**

တောင်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေအတွင်းရှိ နတ်သံကွင်းရဲစခန်းအား အကြမ်းဖက်သမားများ လာရောက်တိုက်ခိုက်သည့်ဖြစ်စဉ်တွင် စွမ်းစွမ်းတမံ ပါဝင်ဆောင်ရွက်ခဲ့ကြသည့် တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအား ဂုဏ်ပြုချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် တောင်ငူ လေတပ်စခန်းဌာနချုပ်၌ ကျင်းပသည်။

အခမ်းအနားသို့ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး တေဇကျော်၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကြည်သိုက်၊ တောင်ငူတပ်နယ်မှ တာဝန်ရှိသူများ၊ အရာရှိ/စစ်သည်များနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။




ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး တေဇကျော် တပ်မတော်သား အရာရှိ၊စစ်သည်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်စဉ်။



တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကြည်သိုက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်စဉ်။

**ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်**

ဦးစွာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး တေဇကျော်က ဂုဏ်ပြုအမှာစကား ပြောကြားပြီး နတ်သံကွင်းရဲစခန်းအား အကြမ်းဖက်သမားများ လာရောက်တိုက်ခိုက်သည့်ဖြစ်စဉ်တွင် စွမ်းစွမ်းတမံ ပါဝင်ဆောင်ရွက်ခဲ့ကြသည့် တပ်မတော်သား အရာရှိ၊စစ်သည်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေများကိုပေးအပ်ရာ အရာရှိ၊ စစ်သည် နှစ်ဦးကလည်းကောင်း၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးက ဖြစ်စဉ်တွင် ပါဝင်ခဲ့ကြသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေများကို ပေးအပ်ရာ ရဲတပ်ဖွဲ့ဝင် နှစ်ဦးကလည်းကောင်း လက်ခံရယူကြသည်။ ယင်းနောက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး တေဇကျော်နှင့် အဖွဲ့ဝင်များသည် အရာရှိ၊ စစ်သည်များနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြပြီး ဖြစ်စဉ်တွင် အကြမ်းဖက်သမားများထံမှ ရရှိခဲ့သည့် လက်နက်၊ ခဲယမ်းများကို ကြည့်ရှုကြသည်။

ထို့နောက် နတ်သံကွင်းရဲစခန်းအား အကြမ်းဖက်သမားများ လာရောက်တိုက်ခိုက်သည့်ဖြစ်စဉ်တွင် စွမ်းစွမ်းတမံ ပါဝင်ဆောင်ရွက်ခဲ့ကြသည့် တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအား နယ်မြေခံတပ်မတော်ထောက်ပံ့နှင့် ပို့ဆောင်ရေးကျောင်း ဘုရင့်နောင်ခန်းမ၌ ဂုဏ်ပြုနေ့လယ်စာဖြင့် ဧည့်ခံကျွေးမွေးခဲ့ကြသည်။




အကြမ်းဖက်သမားများထံမှ သိမ်းဆည်းရမိသည့် လက်နက်၊ ခဲယမ်းများ။

တောင်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေအတွင်း ရန်ကုန် – မန္တလေး ကားလမ်းဟောင်းပေါ်ရှိ ပဲနွယ်ကုန်းမြို့နှင့် ကျောက်ကြီးမြို့ကို ဆက်သွယ်ထားသော (၁၇)မိုင်ရှည်လျားသည့် လမ်းကြောင်းပေါ်မှ စစ်တောင်းမြစ်အား ဖြတ်ကူးသော နတ်သံကွင်းတံတား အရှေ့ခြမ်း/အနောက်ခြမ်းတို့ရှိ လုံခြုံရေးအဖွဲ့များနှင့် နတ်သံကွင်းမြို့တွင်းရှိ မြို့နယ်ရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များ အခြေပြုနေထိုင်သည့် နတ်သံကွင်းရဲစခန်းအား KNLA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များက ၂၀၂၃ ခုနှစ် နိုဝင်ဘာလမှစတင်ပြီး သွေးတိုးစမ်း ချောင်းမြောင်းပစ်ခတ်ခြင်း၊ ၎င်းတို့အကျိုးအမြတ်ရရှိရေး အဖွဲ့ငယ်များအား စနိုက်ပါဖြင့် လှည့်စားနှောင့်ယှက်ပစ်ခတ်ခြင်းနှင့် နတ်သံကွင်းရွာဝန်းကျင်၌ ၎င်းတို့ အင်အားတိုးမြှင့်ချထား၍ ဆက်သွယ်ရေးလမ်းကြောင်းနှင့် ရိက္ခာဖြတ်တောက်ပိတ်ဆို့ခြင်းတို့ ဆောင်ရွက်ခဲ့ပြီး ဒီဇင်ဘာ ၂၆ ရက်မှစ၍ အကြမ်းဖက်ပူးပေါင်းအင်အား ၂၀၀ ခန့်ဖြင့် အပြင်းအထန် ပစ်ခတ်တိုက်ခိုက်လာခဲ့သည်။

**လက်နက်၊ ခဲယမ်းများ သိမ်းဆည်းရမိခဲ့**

အကြမ်းဖက်သောင်းကျန်းသူများသည် ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၂၆ ရက်မှ ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၇ ရက်အထိ ၁၃ ရက်တိုင်တိုင် စခန်းပတ်လည်နေရာတို့မှ ထိန်းချုပ်၍ ပစ်ခတ်တိုက်ခိုက်ခြင်းများ ဆက်တိုက်ဆောင်ရွက်သော်လည်း စခန်းအတွင်းရှိ အရာရှိ၊ စစ်သည်၊ ရဲတပ်ဖွဲ့ဝင်များအနေဖြင့် ရွပ်ရွပ်ချွံချွံ တန်ပြန်တိုက်ခိုက်ခဲ့မှု၊ လိုအပ်သည့်ရိက္ခာနှင့်ခဲယမ်းများအား လေကြောင်းမှ ပို့ဆောင်ပေးနိုင်ခဲ့မှု၊ ထိရောက်သည့် စစ်ကူ၊ ပစ်ကူများ ပေးနိုင်ခဲ့မှုတို့ကြောင့် အကြမ်းဖက်သမားများသည် ဇန်နဝါရီ ၇ ရက် ညနေပိုင်းတွင် အထိနာစွာဆုတ်ခွာသွားခဲ့ပြီး ၎င်းတို့ထံမှ လက်နက်၊ ခဲယမ်းများ သိမ်းဆည်းရမိခဲ့သည်။

တပ်မတော်သားများနှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များအနေဖြင့် နတ်သံကွင်းမြို့တွင်းနှင့် ပတ်ဝန်းကျင်တစ်ဝိုက်အား လိုအပ်သည့်နယ်မြေလုံခြုံရေးနှင့် မိုင်းရှင်းလင်းရေးလုပ်ငန်းများဆောင်ရွက်ခဲ့ရာ အကြမ်းဖက်သမားများ၏ လူမဆန်စွာ ဖျက်ဆီးမီးရှို့ခြင်း ဆောင်ရွက်ခဲ့သည့် မြို့တွင်းရှိ လူနေအဆောက်အအုံများ၊ အစိုးရရုံးများ၊ ဌာနဆိုင်ရာအဆောက်အအုံများ၊ အဖွဲ့အစည်းပိုင် နေအိမ်နှင့် အဆောက်အအုံများ ပျက်စီးနေခြင်းတို့အား တွေ့ရှိမှတ်တမ်းတင်နိုင်ခဲ့ပြီး နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်ကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော အရာရှိ၊ စစ်သည်များနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအနေဖြင့် နတ်သံကွင်းဒေသအတွင်း အကြမ်းဖက်သမားများ စိုးမိုးမှုမရှိစေရေးနှင့် တရားဥပဒေစိုးမိုးရေး၊ နယ်မြေလုံခြုံရေးအတွက် လိုအပ်သည့်နယ်မြေလုံခြုံရေးလုပ်ငန်းများအား ဆက်လက်ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# နယ်စပ်ရေးရာဝန်ကြီးဌာနမှ ဝန်ထမ်းများ၏ ပြည်ပနိုင်ငံများသို့သွားရောက်ခဲ့မှုနှင့် ပြည်တွင်းသင်တန်းများတက်ရောက်ခဲ့မှုအပေါ် အတွေ့အကြုံရှင်းလင်း

နေပြည်တော် ဇန်နဝါရီ ၁၀

**နယ်စပ်ရေးရာဝန်ကြီးဌာနမှ ဝန်ထမ်းများ၏ ပြည်ပနိုင်ငံများသို့ သွားရောက်ခဲ့မှုနှင့် သင်တန်းများ တက်ရောက်ခဲ့မှုအပေါ် အတွေ့အကြုံရှင်းလင်းတင်ပြခြင်းအခမ်းအနားကို ယမန်နေ့ မွန်းလွဲပိုင်းတွင် နယ်စပ်ရေးရာဝန်ကြီးဌာန စုပေါင်းခန်းမ၌ကျင်းပရာ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ လက်ထောက်အတွင်းဝန်/ညွှန်ကြားရေးမှူးများ၊ ဝန်ကြီးရုံးနှင့် ဦးစီးဌာနများမှ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။**



**အတွေ့အကြုံများ ရှင်းလင်း**

ရှေးဦးစွာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးလှသိန်းက ဂျပန်နိုင်ငံ တိုကျိုမြို့၊ နာဂါအိုကာမြို့နှင့် နီဂါတာမြို့များတွင် ခေါင်းဆောင်မှုစွမ်းရည် တိုးမြှင့်ရေးဆိုင်ရာ လေ့လာရေး သွားရောက်ခဲ့မှုနှင့် စပ်လျဉ်းသည့် အတွေ့အကြုံများကိုလည်းကောင်း၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်သဲနေနေကျော်က အလယ်အလတ်အဆင့် အရာထမ်း စီမံခန့်ခွဲမှုသင်တန်း၊ ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှု အဆင့်မြင့် ဒီပလိုမာသင်တန်းအမှတ်စဉ် (၆) သို့ တက်ရောက်ခဲ့မှုနှင့် စပ်လျဉ်းသည့် အတွေ့အကြုံများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဝန်ကြီးက ပြည်ပနိုင်ငံများနှင့် သင်တန်းများတွင်ရရှိခဲ့သည့် အကျိုးကျေးဇူးများ၊ တွေ့ရှိခဲ့သည့် အားသာချက်၊ အားနည်းချက်များ၊ လိုက်နာစောင့်ထိန်းရမည့် ကျင့်ဝတ်နှင့် အစဉ်အလာကောင်းများ၊ နောင်တွင် ဆောင်ရွက်သင့်သည့် အလေ့အကျင့်ကောင်းများကို ထုတ်ဖော်ဆောင်ရွက်ရေး၊ ဝန်ထမ်းများ၏ ကျန်းမာရေး၊ ပညာရေး၊ ဝန်ထမ်းသက်သာချောင်ချိရေး အတွက် ဆောင်ရွက်ပေးနေမှု၊ ဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားလာစေရေးအတွက် သင်တန်းများ စေလွှတ်တက်ရောက်စေမှုနှင့် ဝန်ထမ်းများ၏ လိုအပ်ချက်ရှိသည်များကို မေးမြန်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မောတောင်ကုန်သွယ်ရေးစခန်း ရေထွက်ကုန်ပစ္စည်းများ တင်ပို့

မောတောင်ကုန်သွယ်ရေးစခန်းအနေဖြင့် ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၈ ရက်မှ ၉ ရက်အထိ ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၀ ဒသမ ၂၂၀၇ သန်း၊ သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၀ ဒသမ ၀၁၄ သန်း၊ စုစုပေါင်းကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၀ ဒသမ ၂၃၄၇ သန်း ကုန်သွယ်မှုဆောင်ရွက်နိုင်ခဲ့သည်။

မောတောင်ကုန်သွယ်ရေးစခန်းမှ ဇန်နဝါရီ ၈ ရက်မှ ၉ ရက်အထိ အဓိကတင်ပို့ခဲ့သောကုန်ပစ္စည်းများမှာ ငါးမျိုးစုံ ၉၆ ဒသမ ၃၉ တန်၊ ဂဏန်းရှင် ၇ ဒသမ ၈ တန်၊ ကဏန်းအသေ ၈ ဒသမ ၄ တန်၊ ရေရွှဆားနယ် တစ်တန်၊ ရေချိုပုစွန် ၀ ဒသမ ၃၅ တန်၊ ကျောက်ပုစွန်အရှင် ၀ ဒသမ ၃၄ တန်၊ ပုစွန်ငါးပိ ၅ ဒသမ ၅ တန်၊ ငှက်ပျောသီး တန် ၅၀၊ ငရုတ်သီးစိမ်း ၅၀ ဒသမ ၆၄၁ တန် တင်ပို့နိုင်ခဲ့သည်။ သွင်းကုန်အနေဖြင့် သစ်သီး ၄၈ ဒသမ ၅ တန်၊ ကြွေပြား ၈၀၀ စတုရန်းမီတာ တင်သွင်းနိုင်ခဲ့သည်။



ဇန်နဝါရီ ၉ ရက်နေ့ ပြင်ပငွေလဲနှုန်းမှာ မြန်မာငွေကျပ် တစ်သိန်းလျှင် ၁၀၂၀ ဘတ်၊ တစ်ဘတ်လျှင် မြန်မာငွေကျပ် ၉၈ ဒသမ ၀၄ ကျပ် ခန့်ရှိကြောင်း သိရသည်။

(DOT မောတောင်)

## ပဲစင်းငုံသီးနှံစိုက်ပျိုးခြင်းဖြင့် တောင်သူများအကျိုးအမြတ်ရရှိ

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ဆိပ်ဖြူမြို့နယ်အတွင်းရှိတောင်သူများသည် ကုန်းတွင်း ပိုင်းယာမြေများတွင် မြေပဲ၊ နှမ်း၊ ပဲစင်းငုံ၊ ပဲတီစိမ်း၊ ပဲလွန်းဖြူသီးနှံမျိုးစုံ နှစ်စဉ်စိုက်ပျိုးလျက်ရှိပြီး ဒေသခံတောင်သူများအတွက် ဝင်ငွေကောင်းမွန်သည့် ပြည်ပပို့ကုန်ပဲစင်းငုံသီးနှံကို နှစ်စဉ်စိုက်ပျိုးကြကြောင်း၊ ပဲစင်းငုံသီးနှံကို မိုးရာသီ ကဆုန်၊ နယုန်၊ ဝါဆိုလများတွင် စတင်စိုက်ပျိုးကြပြီး တန်ဆောင်မုန်းလတွင် စတင်ရိတ်သိမ်းရကြောင်း၊ ပဲစင်းငုံ စိုက်ကေ ၃၀၀၀ ခန့်အား သီးထပ်သီးညှပ်အဖြစ် နှစ်စဉ်စိုက်ပျိုးကြရာ ယခုနှစ်တွင် သီးထပ်စိုက်ပျိုးမှုများကို ပိုမိုတိုးချဲ့စိုက်ပျိုးလာကြကြောင်း သိရသည်။

ပဲစင်းငုံသီးနှံ စိုက်ပျိုးထုတ်လုပ်မှု ကုန်ကျစရိတ်အနေဖြင့် တစ်ကေလျှင် မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် စုစုပေါင်း ကျပ်နှစ်သိန်းခန့် ကုန်ကျကြောင်း၊ အထွက်နှုန်းအနေဖြင့် တောင်သူတစ်ဦးချင်းမှာ သွင်းအားစုအမျိုးမျိုး သုံးစွဲမှု မတူညီ၍ အထွက်နှုန်းကွာခြားမှုရှိပြီး တစ်ကေလျှင် ၅ - ၁၀ တင်း ထွက်ရှိကြောင်း၊ ဈေးနှုန်းအနေဖြင့် တစ်တင်းလျှင် သီးနှံပေါ်ချိန်တွင် ဒေသပေါက်ဈေး ကျပ် ၁၀၂၀၀၀ ဖြင့် ရောင်းချရပြီး တစ်ကေအတွက် ခုနှစ်တင်းနှုန်းဖြင့် တွက်ချက်ပါက ကျပ် ၇၁၄၀၀၀ ဝင်ငွေရရှိ၍ အကျိုးအမြတ်အနေဖြင့် ကျပ် ၅၁၄၀၀၀ ရရှိကြောင်း ပဲစင်းငုံစိုက်တောင်သူတစ်ဦးထံမှ သိရသည်။

ပြည်တွင်းမှ ထွက်ရှိသည့် ပဲစင်းငုံသီးနှံများကို ပြည်တွင်းစားသုံးမှု နည်းပါးသော်လည်း ပြည်ပပို့ကုန်အဖြစ် နှစ်စဉ်တင်ပို့လျက်ရှိပြီး ဈေးကွက်ခိုင်မာမှုရှိ၍ ဝယ်လက်အများဆုံးနှင့် စားသုံးမှုများသော အိန္ဒိယနိုင်ငံ၏ ပဲစင်းငုံ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်သည့်အတွက် မြန်မာနိုင်ငံသည် အိန္ဒိယဈေးကွက်တွင် အရေးပါသည့်နိုင်ငံဖြစ်ကြောင်း၊ ဈေးကွက်အနေဖြင့် အိန္ဒိယ၊ နီပေါ၊ ဘင်္ဂလားဒေ့ရှ်၊ ပါကစ္စတန်နိုင်ငံများသို့ ပဲစင်းငုံသီးနှံကို နှစ်စဉ်တင်ပို့လျက်ရှိရာ ပြည်ပဈေးကွက်အခိုင်အမာရှိပြီး တောင်သူများအတွက် ဝင်ငွေကောင်းမွန်လျက်ရှိသော ပဲစင်းငုံသီးနှံကို ပိုမိုတိုးချဲ့စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။





DOCA (မကွေး)

## တာချီလိတ်ကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ

တာချီလိတ်ကုန်သွယ်ရေးစခန်းသည် ထိုင်းနိုင်ငံ၊ တရုတ်နိုင်ငံများနှင့် ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၉ ရက်အထိ ပို့ကုန်အမေရိကန်ဒေါ်လာ ၀ ဒသမ ၉၇၉ သန်း၊ သွင်းကုန် အမေရိကန်ဒေါ်လာ ၂ ဒသမ ၁၅၇ သန်း၊ စုစုပေါင်းကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၃ ဒသမ ၁၃၆ သန်း ဆောင်ရွက်နိုင်ခဲ့သည်။

ပို့ကုန်အနေဖြင့် ထောပတ်သီး ၁၁၅ တန်၊ ကြက်သွန်ဖြူ တန် ၃၀၊ ပြောင်း ၉၈ ဒသမ ၇၅ တန်၊ ကြက်သွန်နီ ၈၅ တန်၊ မက်ဂနိစ်ဖိုင်အောက်ဆိုဒ် တန် ၂၄၊ လိမ္မော်သီး ၁၃ ဒသမ ၂ တန်၊ ပလတ်စတစ်ဖြတ်စ ၁၀ တန်နှင့် စက္ကူဖြတ်စ ၂၆ တန် တင်ပို့နိုင်ခဲ့သည်။

သွင်းကုန်အနေဖြင့် ဘိလပ်မြေ ဒေါ်လာ ၀ ဒသမ ၀၁၂ သန်း၊ ဘိလပ်မြေမျက်နှာကျက်ပြား ဒေါ်လာ ၀ ဒသမ ၀၁၉ သန်း၊ မျက်နှာကြက်ပြား ဒေါ်လာ ၀ ဒသမ ၀၀၄ သန်း၊ ကြွေပြား ဒေါ်လာ ၀ ဒသမ ၀၂၀ သန်း၊ ပလတ်စတစ်ခွက် ဒေါ်လာ ၀ ဒသမ ၀၀၉ သန်း၊ ပလတ်စတစ်ခြင်း ဒေါ်လာ ၀ ဒသမ ၀၀၈ သန်းနှင့် စောင် ဒေါ်လာ ၀ ဒသမ ၀၀၄ သန်း တင်သွင်းခဲ့သည်။

ငွေလဲနှုန်းအနေဖြင့် ဇန်နဝါရီ ၉ ရက်တွင် မြန်မာကျပ်ငွေ တစ်သိန်းလျှင် ၁၀၀၅ ဘတ်ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

(DOT တာချီလိတ်)

## မြိတ်ကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ

မြိတ်ကုန်သွယ်ရေးစခန်းမှ ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၈ ရက်မှ ၉ ရက်အတွင်း ပို့ကုန်တင်ပို့မှုအနေဖြင့် ငါးမွှန့် တန် ၃၀၀၊ တန်ဖိုး ဒေါ်လာ ၀ ဒသမ ၂၇၂ သန်း၊ ငါးကြိတ်သား ၁၈ တန်၊ တန်ဖိုး ဒေါ်လာ ၀ ဒသမ ၀၃၃ သန်း၊ စုစုပေါင်း ပို့ကုန်တန်ဖိုး ဒေါ်လာ ၀ ဒသမ ၃၀၅ သန်း တင်ပို့နိုင်ခဲ့သည်။

မြိတ်ကုန်သွယ်ရေးစခန်းမှ ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၈ ရက်မှ ဇန်နဝါရီ ၉ ရက်အတွင်း သွင်းကုန်တင်သွင်းမှု ဒီဇယ်ဆီ တစ်တန်လျှင် ၈၂၃ ဒေါ်လာနှုန်းဖြင့် တန် ၁၄၇၀၊ တန်ဖိုး ၁ ဒသမ ၂၁၀ သန်း၊ ဓာတ်ဆီ တစ်တန်လျှင် ၈၈၁ ဒေါ်လာနှုန်းဖြင့် တန် ၁၅၀၊ တန်ဖိုး ၀ ဒသမ ၁၃၂ သန်း စုစုပေါင်းသွင်းကုန်တန်ဖိုး ကန်ဒေါ်လာ ၁ ဒသမ ၃၄၂ သန်း တင်သွင်းခဲ့သည်။

ငွေလဲနှုန်းအနေဖြင့် ထိုင်းဘတ် တစ်ဘတ်လျှင် မြန်မာကျပ်ငွေ ၉၈ ကျပ်ဖြင့် အရောင်းအဝယ် ဖြစ်နေကြောင်း သိရှိရသည်။

(DOT မြိတ်)

### ၁၀-၁-၂၀၂၄ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါး ဈေးနှုန်းများ

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ(ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၂၈၀၀ | | ၆၃၀၀ | ၁၆၀၀၀ | ၅၈၀၀ | ၁၆၀၀၀ | ၄၀၀၀ | ၁၈၀၀၀ | ၉၀၀၀ | ၅၀၀၀ | ၇၀၀၀ | ၁၀၀၀ | ၈၅၀၀ | ၇၅၀၀ | ၅၀၀၀ | ၂၃၀၀ | ၅၀၀၀ | ၁၂၀၀၀ | ၂၂၀၀၀ | ၂၂၀၀၀ | ၂၆၀၀၀ | ၁၆၀၀၀ |
| ၂ | လားရှိုး | ၃၅၀၀ | | ၇၃၀၀ | ၁၇၀၀၀ | ၆၀၀၀ | ၁၆၀၀၀ | ၄၅၀၀ | ၁၃၀၀၀ | ၁၁၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၁၀၀၀ | ၈၅၀၀ | ၇၇၀၀ | ၄၀၀၀ | ၃၅၀၀ | ၄၅၀၀ | ၁၂၀၀၀ | ၂၂၀၀၀ | ၂၂၀၀၀ | ၃၀၀၀၀ | ၁၆၀၀၀ |
| ၃ | ကျိုင်းတုံ | ၃၈၀၀ | | ၇၀၀၀ | ၁၆၀၀၀ | ၆၀၀၀ | ၁၆၅၀၀ | ၄၂၀၀ | ၁၆၀၀၀ | ၁၀၀၀၀ | ၅၃၀၀ | ၅၀၀၀ | ၁၂၀၀ | ၉၅၀၀ | ၇၀၀၀ | ၃၅၀၀ | ၃၅၀၀ | ၄၈၀၀ | ၁၃၀၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | | ၁၇၀၀၀ |
| ၄ | တောင်ကြီး | ၃၂၀၀ | ၃၀၀၀ | ၆၃၀၀ | ၁၆၅၀၀ | ၅၅၀၀ | ၁၉၀၀၀ | ၄၀၀၀ | ၁၃၅၀၀ | ၁၄၀၀၀ | ၆၅၀၀ | ၅၀၀၀ | ၆၀၀ | ၁၀၀၀၀ | ၆၅၀၀ | ၅၀၀၀ | ၃၈၀၀ | ၄၄၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၂၈၀၀၀ | ၁၅၀၀၀ |
| ၅ | လွိုင်ကော် | | | | | | | | | | | | | | | | | | | | | | |
| ၆ | ဘားအံ | ၃၂၀၀ | | ၅၀၀၀ | ၁၆၀၀၀ | ၅၆၀၀ | ၁၄၀၀၀ | ၄၀၀၀ | ၁၈၀၀၀ | ၁၃၀၀၀ | ၆၈၀၀ | ၆၀၀၀ | ၈၀၀ | ၇၅၀၀ | ၆၅၀၀ | ၃၀၀၀ | ၃၀၀၀ | ၄၂၀၀ | ၁၀၅၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၈၀၀၀ |
| ၇ | မော်လမြိုင် | ၃၀၀၀ | | ၄၇၀၀ | ၁၆၀၀၀ | ၅၂၆၀ | ၁၆၀၀၀ | ၄၀၀၀ | ၁၉၀၀၀ | ၁၅၀၀၀ | ၈၀၀၀ | ၇၀၀၀ | ၈၀၀ | ၁၂၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၃၅၀၀ | ၄၄၀၀ | ၁၀၀၀၀ | ၁၇၀၀၀ | ၁၇၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၈ | ထားဝယ် | ၃၉၀၀ | | ၆၆၀၀ | ၁၇၀၀၀ | ၅၇၀၀ | ၁၄၅၀၀ | ၄၀၀၀ | ၁၈၅၀၀ | ၁၄၀၀၀ | | ၅၀၀၀ | ၆၀၀ | ၇၉၀၀ | ၆၅၀၀ | ၄၀၀၀ | ၃၅၀၀ | ၄၅၀၀ | ၁၂၅၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | |
| ၉ | မြိတ် | ၃၃၀၀ | | ၅၃၀၀ | ၁၆၀၀၀ | ၅၆၅၀ | ၁၄၀၀၀ | ၄၁၀၀ | ၁၅၅၀၀ | ၁၄၀၀၀ | ၉၀၀၀ | ၇၇၀၀ | ၁၁၀၀ | ၉၅၀၀ | ၆၇၀၀ | ၃၆၀၀ | ၄၀၀၀ | ၄၄၀၀ | ၁၂၅၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၂၃၀၀၀ | |
| ၁၀ | ရန်ကုန် | ၃၄၀၀ | | ၅၀၀၀ | ၁၆၀၀၀ | ၅၁၅၀ | ၁၈၀၀၀ | ၄၃၀၀ | ၂၂၀၀၀ | ၁၃၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၈၀၀ | ၇၅၀၀ | ၆၈၀၀ | ၄၀၀၀ | ၃၈၀၀ | ၄၆၀၀ | ၁၀၀၀၀ | ၁၇၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၁၁ | ပုသိမ် | ၃၃၅၀ | | ၅၂၅၀ | ၁၆၀၀၀ | ၅၃၇၀ | ၁၇၀၀၀ | ၃၀၀၀ | ၂၂၀၀၀ | ၁၃၀၀၀ | ၅၀၀၀ | ၈၀၀၀ | ၃၀၀ | ၆၅၀၀ | ၆၆၀၀ | ၃၅၀၀ | ၃၂၀၀ | ၄၀၀၀ | ၁၀၀၀၀ | ၁၉၀၀၀ | ၁၉၀၀၀ | ၂၅၀၀၀ | ၉၀၀၀ |
| ၁၂ | စစ်တွေ | ၅၀၀၀ | | ၇၅၀၀ | ၃၅၀၀၀ | ၅၄၀၀ | ၆၀၀၀၀ | ၂၈၀၀၀ | ၃၅၀၀၀ | ၃၅၀၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၂၀၀၀ | ၁၀၀၀၀ | ၁၃၀၀၀ | ၁၅၀၀၀ | ၈၀၀၀ | ၄၂၀၀ | ၁၅၀၀၀ | ၃၂၀၀၀ | ၃၂၀၀၀ | ၃၂၀၀၀ | |
| ၁၃ | ဟားခါး | ၆၆၀၀ | | | ၁၈၅၀၀ | - | ၄၅၀၀၀ | ၇၀၀၀ | ၂၅၀၀၀ | | | ၄၀၀၀ | ၁၂၀၀ | | ၁၁၅၀၀ | | ၅၀၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၂၅၀၀၀ | ၂၀၀၀၀ | | ၂၂၀၀၀ |
| ၁၄ | မုံရွာ | ၄၈၀၀ | ၄၄၀၀ | ၅၄၀၀ | ၁၂၅၀၀ | ၅၅၀၀ | ၁၂၀၀၀ | ၃၂၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၉၀၀၀ | ၄၀၀၀ | ၇၀၀ | ၇၀၀၀ | ၈၀၀၀ | ၃၀၀၀ | ၃၀၀၀ | ၄၂၀၀ | ၁၂၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၁၂၀၀၀ |
| ၁၅ | မန္တလေး | ၄၀၀၀ | | ၆၅၀၀ | ၁၂၀၀၀ | ၅၆၅၀ | ၁၂၀၀၀ | ၄၂၀၀ | ၁၇၀၀၀ | ၁၆၀၀၀ | ၇၀၀၀ | ၆၅၀၀ | ၈၀၀ | ၇၅၀၀ | ၆၄၀၀ | ၅၅၀၀ | ၃၅၀၀ | ၄၂၀၀ | ၁၀၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၁၃၀၀၀ |
| ၁၆ | ပခုက္ကူ | ၃၂၀၀ | | ၅၃၀၀ | ၁၂၀၀၀ | ၅၄၀၀ | ၁၇၀၀၀ | ၂၈၀၀ | ၁၆၀၀၀ | ၁၃၀၀၀ | ၉၀၀၀ | ၄၅၀၀ | ၆၅၀ | ၇၅၀၀ | ၈၀၀၀ | ၂၈၀၀ | ၃၀၀၀ | ၄၀၀၀ | ၁၁၀၀၀ | ၁၈၀၀၀ | ၁၇၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ |
| ၁၇ | မကွေး | ၄၀၀၀ | | ၆၇၀၀ | ၁၃၅၀၀ | ၅၅၀၀ | ၁၃၀၀၀ | ၃၀၀၀ | ၁၃၀၀၀ | ၁၂၅၀၀ | ၈၅၀၀ | ၅၅၀၀ | ၇၀၀ | ၆၂၀၀ | ၆၅၀၀ | ၃၇၀၀ | ၃၆၀၀ | ၄၂၀၀ | ၁၁၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၁၂၅၀၀ |
| ၁၈ | ပြည် | ၃၀၀၀ | | ၅၀၀၀ | ၁၃၅၀၀ | ၅၅၀၀ | ၁၈၀၀၀ | ၃၈၀၀ | ၁၆၀၀၀ | ၁၂၀၀၀ | | ၆၅၀၀ | ၆၀၀ | ၇၀၀၀ | ၆၅၀၀ | ၄၀၀၀ | ၃၅၀၀ | ၃၈၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၁၃၀၀၀ |
| ၁၉ | ပဲခူး | ၃၂၀၀ | | ၅၂၀၀ | ၁၄၀၀၀ | ၅၄၀၀ | ၁၅၀၀၀ | ၄၆၀၀ | ၁၉၀၀၀ | ၁၅၀၀၀ | | ၇၀၀၀ | ၄၅၀ | ၇၅၀၀ | ၆၈၀၀ | ၃၅၀၀ | ၃၃၀၀ | ၄၄၀၀ | ၁၀၀၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၂၃၀၀၀ | ၇၀၀၀ |
| ၂၀ | ပျဉ်းမနား | ၃၁၅၀ | | 6500(သစ်) | ၁၄၀၀၀ | ၅၃၀၀ | ၁၄၀၀၀ | ၃၅၀၀ | ၁၃၅၀၀ | ၁၄၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၅၀၀ | ၇၅၀၀ | ၆၈၀၀ | ၄၀၀၀ | ၃၆၀၀ | ၄၂၀၀ | ၁၀၀၀၀ | ၁၄၀၀၀ | ၁၄၅၀၀ | ၂၄၀၀၀ | ၁၁၀၀၀ |
| ၂၁ | နေပြည်တော် | ၃၁၅၀ | | 6500(သစ်) | ၁၄၀၀၀ | ၅၃၀၀ | ၁၆၀၀၀ | ၃၆၀၀ | ၁၅၀၀၀ | ၁၄၀၀၀ | ၆၂၀၀ | ၅၆၀၀ | ၅၀၀ | ၇၅၀၀ | ၆၈၀၀ | ၄၂၀၀ | ၃၈၀၀ | ၄၂၀၀ | ၁၀၀၀၀ | ၁၆၀၀၀ | ၁၄၅၀၀ | ၂၄၀၀၀ | ၁၁၀၀၀ |
| ၂၂ | ကလေး | ၃၀၀၀ | ၄၄၀၀ | | ၁၅၀၀၀ | ၉၀၀၀ | ၂၄၀၀၀ | ၅၀၀၀ | | ၁၄၀၀၀ | ၅၀၀၀ | ၇၀၀၀ | ၈၀၀ | ၉၅၀၀ | ၈၀၀၀ | ၄၀၀၀ | ၆၀၀၀ | ၄၃၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၂၂၀၀၀ | | ၁၂၀၀၀ |

သတင်းအရင်းအမြစ် - စီးပွား/ကူးသန်း




## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၂)၊ မြေကွက်အမှတ်(၁၀၁/က)၊ ခိုင်သဇင်လမ်း၊ ဦးဇော်မင်း(TME-၀၂၃၈၄၇) အမည်ပေါက် မြေချပါမစ်မူရင်း၊ ဧရိယာအကျယ်အဝန်း (၂၅' x ၆၀') ပေ ခြံမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ကြည်ကြည်ထွေး (၁၂/ရပသ(နိုင်)၀၃၇၃၇၄) ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နန်းတင်မွေး (၁၀/သထန(နိုင်)၁၆၈၀၄၈) က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေများကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက တိကျခိုင်လုံသော အထောက်အထားများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်နန်းတင်မွေး ၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်စုရည်လှိုင် (LL.B)၊ တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၇၄၅)**
**အမှတ်(၆၁၀)၊ မိုလ်ဆွန်ပက်လမ်း၊ ၃၉(A)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၄၂၂၄၄၉၄၂၂၊ ၀၉-၆၉၃၅၆၃၇၈၅**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကျွန်မ ဒေါ်နန်းဆန်ကြိုင်ဆိုင် ၁၃/ကတန(နိုင်)၁၅၂၃၀၈၏ ဖခင် ဦးစိုင်းလျုံနှင့် ဦးစိုင်းလျှံ မိခင် ဒေါ်နန်းပိုး(ခ)ပိုးစိန်နှင့်ဒေါ်နန်းပိုးစိန်သည် အမည် (၂) မျိုး ကွဲလွဲနေသော်လည်း လူပုဂ္ဂိုလ်တစ်ဦးတည်း ဖြစ်ပါကြောင်း။

## ပျောက်ဆုံးကြောင်း

ကျွန်မ မဇင်မော်ဦး ၉/မခန(နိုင်)၂၇၁၇၄၉၏ နိုင်ငံကူးလက်မှတ် (နံပါတ်မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၇၁၀၄၆၀၂၂**

## ပတ်စ်ပို့ပျောက်

မကွေးတိုင်းဒေသကြီး၊ မင်းဘူးမြို့နယ်၊ နန်းတော်ကုန်းကျေးရွာအုပ်စု၊ နန်းတော်ကုန်းကျေးရွာနေ အဘ ဦးသန်းစိုး၏သမီး ကျွန်မ မဝါဝါခိုင် (၈/မဘန(နိုင်)၁၅၉၂၇၆) ၏ ယခင်နိုင်ငံကူးလက်မှတ် အမှတ်(MH-307961) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း ၀၉ ၇၉၅ ၀၅၉ ၃၅၆**

## နိုင်ငံသားကတ်ပျောက်ဆုံးခြင်း

ကျွန်တော် ဦးရန်အောင်စိုး (ဘ) ဦးမြင့်သန်း ၅/တဆန(နိုင်)၁၃၂၅၀၀ နှင့် ဇနီးဖြစ်သူ ဒေါ်ဇင်မျိုးနွယ်(ဘ) ဦးသိန်းလင်း ၅/တဆန(နိုင်)၁၁၀၁၈၈ တို့၏ နိုင်ငံသားစိစစ်ရေးကတ်များ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း ၀၉ ၇၉၂ ၉၀၄ ၀၇၁**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9F/9970 Toyota Townace KM75 pickup (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးသောင်းတင် ၃/ကကရ(နိုင်)၀၁၈၆၅၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**
**ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 73W/69040 Honda Wave 110 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်မင်းအောင် ၁၄/မအန(နိုင်)၁၄၅၅၃၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ဟသ်ာတ)**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀/မြို့မမြောက်ရပ်၊ ရတနာဒီပရပ်ကွက်မှ မြေဧရိယာ (၀.၀၅၅)ဧကရှိ ဒေါ်သန်းနွဲ့ဆွေ ၉/မရတ(နိုင်)၀၇၂၆၇၁ (ဘ)ဦးမြဆွေ အမည်ပေါက် နှစ် ၃၀ မြေငှားစာချုပ်မြေကွက်အမှတ် (ပ-၃၃၅၈၂)ကို နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၅၅၀၃/၂၀၂၂ (၁၈-၁၁-၂၀၂၂)ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဒေါ်ရီရီမြင့် ၁၂/အစန(နိုင်)၀၁၀၂၅၇ (ဘ) ဦးလှရှင်မှ ဒေါ်မြတ်နိုးအောင် ၈/ငဖန(နိုင်)၀၃၁၂၅၅နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

**တောတောင်ပျက်ပြုန်း မြေဆီသုဉ်း၏**

**တစ်ဦးတည်းဖြစ်ပါကြောင်း**

ကျွန်မ ဒေါ်ချိုသဥ္ဇာအေး ၁၂/လသယ(နိုင်)၀၇၆၇၁၆ ၏ဖခင်၊ ဦးခင်မောင်အေး၊ ဦးမောင်အေး နှင့် ဦးမောင်မောင်အေး မှာ လူပုဂ္ဂိုလ်တစ်ဦးတည်းဖြစ်ပါကြောင်း။

# လိဂ်ဖလားပြိုင်ပွဲ ဆီမီးဖိုင်နယ် ပထမအကျော့တွင် မစ်ဒယ်ဘရော့ကို ချယ်ဆီး ရှုံးနိမ့်

လိဂ်ဖလားပြိုင်ပွဲ ဆီမီးဖိုင်နယ် ပထမအကျော့ ချန်ပီယံရှစ်ကလပ် မစ်ဒယ်ဘရော့နှင့် ပရီမီယာလိဂ်ကလပ် ချယ်ဆီးအသင်းပွဲစဉ်ကို ဇန်နဝါရီ ၁၀ ရက် နံနက် ၂ နာရီခွဲက ယှဉ်ပြိုင်ကစားခဲ့ရာ မစ်ဒယ်ဘရော့အသင်းက ဟက်နေ၏ တစ်လုံးတည်းသော သွင်းဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ချယ်ဆီးအသင်းသည် ပြိုင်ဘက်မစ်ဒယ်ဘရော့အသင်းကို ပွဲချိန်အများစု တစ်ဖတ်သတ် ဖိအားပေးကစားနိုင်ခဲ့သော်လည်း ရရှိလာသည့် အခွင့်အရေးများကို အသင်းကစားသမားများ ဂိုးအဖြစ်ပြောင်းလဲနိုင်စွမ်း မရှိသည့်အတွက် ရှုံးပွဲကြုံတွေ့ခဲ့ခြင်း ဖြစ်သည်။

မစ်ဒယ်ဘရော့အသင်းသည် ဇန်နဝါရီ ၇ ရက်က ယှဉ်ပြိုင်ကစားခဲ့သည့် အက်ဖ်အေဖလားပြိုင်ပွဲတွင် အက်စ်တွန်ဗီလာအသင်းကို ရှုံးနိမ့်ကာ ပြိုင်ပွဲမှထွက်ခဲ့ရသော်လည်း ယခုလိဂ်ဖလားပြိုင်ပွဲ ဆီမီးဖိုင်နယ် ပထမအကျော့တွင် နာမည်ကြီး ချယ်ဆီးကို အနိုင်ရရှိခဲ့သည့်အတွက် ဗိုလ်လုပွဲတက်လှမ်းရန် အခွင့်အရေးကောင်းတစ်ရပ် ပိုင်ဆိုင်ခဲ့သည်။

မစ်ဒယ်ဘရော့အသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ပွဲချိန် ၃၇ မိနစ်တွင် ရရှိခဲ့ပြီး ဂျုန်း၏ ဖန်တီးမှုကို ဟက်နေက အဆုံးသတ်သွင်းယူခဲ့သည်။ ချယ်ဆီးအသင်းသည် ဂိုးရရှိနိုင်သည့် အခွင့်အရေးဖန်တီးမှု လေးကြိမ်ထက်မနည်းရှိခဲ့သော်လည်း လေးကြိမ်စလုံး လွဲချော်ခဲ့သည့်အတွက် နိုင်ပွဲနှင့် ဝေးကွာခဲ့ခြင်း ဖြစ်သည်။

မစ်ဒယ်ဘရော့နှင့် ချယ်ဆီးအသင်းတို့၏ လိဂ်ဖလားပြိုင်ပွဲ ဆီမီးဖိုင်နယ် ဒုတိယအကျော့ပွဲစဉ်ကို လာမည့် ဇန်နဝါရီ ၂၄ ရက်တွင် စတန်းဖို့ဒ်ဘရစ်ကွင်း၌ ယှဉ်ပြိုင်ကစားမည် ဖြစ်သည်။ **အောင်ဇော်**



**တစ်အိမ်လုံးတွင် မည်သူမျှ မရှိနေချိန်၌ မလိုအပ်သော လျှပ်စစ်အသုံးပြုမှု အားလုံးကို ပိတ်ခြင်းဖြင့် လျှပ်စစ်ကို ချွေတာသုံးစွဲပါ**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၀ - ၁ - ၂၀၂၄

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၃၂၀ ကျပ် | ၂၃၇၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၄၀၅ ကျပ် | ၂၄၅၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၅၃၅ ကျပ် | ၂၅၈၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၆၃၅ ကျပ် | ၂၆၈၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၆၀၀ | ၈၇၀၀ | ၁၄၀ | ၁၂၀၆၀၀၀ |
| MTSH | ၂၈၀၀ | ၂၈၅၀ | ၄၁၇ | ၁၁၇၂၉၅၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၁၅၀၀ | ၁၅၅၀ | ၄၂၁၈ | ၆၃၂၈၁၀၀ |
| TMH | ၂၅၀၀ | ၂၅၀၀ | ၁၇၀ | ၄၂၅၀၀၀ |
| EFR | ၀ | ၀ | ၀ | ၀ |
| AHPC | ၀ | ၀ | ၀ | ၀ |
| MAEPC | ၁၇၅၀ | ၁၇၀၀ | ၁၂၀ | ၂၀၄၁၀၀ |

ညီညီ - စုစည်းသည်

**မြန်မာ့အလင်း**

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | မြင့်စိုး |
| သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော် |
| ဘာသာပြန် | - | ခြူးစန္ဒီဌေး၊ တင်လင်းအောင် |
| စာတည်း | | |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| အငယ်တန်းသတင်းထောက်များ | - | ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး |
| ဓာတ်ပုံသတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News

## မိဘအမည်မှန်

ဝေါမြို့နယ်၊ အထက-ထိန်တပင်ကျောင်း Grade (6) မှ မောင်ရှိန်းပြည့်ဖြိုး ၏ မိဘအမည်မှန်မှာ ဦးအောင်သူမိုး - ဒေါ်ငွေးငွေးခိုင် ဖြစ်ပါကြောင်း။

**ဦးအောင်သူမိုး-ဒေါ်ငွေးငွေးခိုင်**

## နိုင်ငံကူးလက်မှတ် ပျောက်ဆုံးကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်၊ ဇီးပင်ဝန်းကျေးရွာနေ ဦးစနေမောင် ၉/ကဆန(နိုင်)၁၃၀၄၈၀ ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၅၁၄၅၀၆၁၇

## Thiha Aung Page အား ID Service လက်ခံခဲ့သူနှင့် အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၂)၊ ရေချမ်းအိုး၊ အိမ်အမှတ်(၁၃၁၅)၊ အေးရိပ်သာလမ်းနေ ဦးကိုကိုဦး (ရုပ်ရှင်သရုပ်ဆောင်) ၁၂/သဃက(နိုင်)၁၀၁၇၇၁၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ကျွန်ုပ်မိတ်ဆွေ ဦးကိုကိုဦး၏သား သီဟအောင်မှာ တက်သစ်စသရုပ်ဆောင်လူငယ်တစ်ဦးဖြစ်ပြီး Thiha Aung အမည်ဖြင့် Page ထောင်ကာ လူမှုကွန်ရက်စာမျက်နှာတွင် ကြော်ငြာများ၊ Online Saleများ လက်ခံကာ ရောင်းချပေးသည့် လုပ်ငန်းများ လုပ်ကိုင်နေသူ ဖြစ်ပါသည်။

ထို့ကြောင့် Page အား Online Sale များပြုလုပ်ရာတွင် ကူညီဆောင်ရွက်ပေးရန် ID Serviceကို (၇-၄-၂၀၂၃)ရက်တွင် မိတ်ဆွေတစ်ဦး၏ အချိတ်အဆက်ဖြင့် ID Service လုပ်ကိုင်သူထံ အပ်နှံခဲ့ပါသည်။ ထိုသို့အပ်နှံပြီး Online Sale(၂)ကြိမ်သာ Liveလွှင့်၍ ရောင်းချခဲ့ရပြီး (၇-၅-၂၀၂၃)ရက်တွင် Page အားဝင်ကြည့်ရာ hack ခံထားရကြောင်း သိရှိခဲ့ရပါသည်။ ထိုသို့ မဖြစ်ခင်ရက်က Thiha Aung Page နှင့် သက်ဆိုင်သည့်အချက် အလက်များအားလုံးကို ID Service လက်ခံသူမှ တောင်းသည့်အတွက် ကျွန်ုပ်မိတ်ဆွေ၏သားဖြစ်သူမှ ၎င်းထံပေးပို့ခဲ့ရပါသည်။ ထိုသို့ Page အား Hack ခံခဲ့ရသည့်အတွက် အလုပ်အပ်နှံသည်များကို လက်ခံ၍ မရတော့ဘဲ စီးပွားရေးတွင်များစွာ ထိခိုက်ခဲ့ရပါသည်။

၎င်းနောက်(၈-၈-၂၀၂၃)ရက် Page ပြန်ကျလာကာ Page မှာ Unpublished ဖြစ်နေ၍ သုံးမရခဲ့ပါ။ (၁၃-၁၂-၂၀၂၃)ရက်တွင်မှ Public ဖြစ်ကာပြန်၍ အသုံးပြုရခဲ့ခြင်း ဖြစ်ပါသည်။

ထို့ကြောင့် (၇-၅-၂၀၂၃)ရက်မှ (၈-၈-၂၀၂၃)ရက်အတွင်း Page နှင့် သက်ဆိုင်သည့် Page မှပြောဆိုထားသည့်အချက်အလက်များနှင့် ပတ်သက်၍ ကျွန်ုပ်မိတ်ဆွေ၏သားဖြစ်သူ သီဟအောင်နှင့်သော်လည်းကောင်း၊ ကျွန်ုပ်မိတ်ဆွေလင်မယားနှင့်သော်လည်းကောင်း မည်သို့မျှ သက်ဆိုင်ခြင်းမရှိပါကြောင်းနှင့် ပြဿနာတစ်စုံ တစ်ရာပေါ်ပေါက်ခဲ့ပါက တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိ စေရန် ကြေညာအပ်ပါသည်။ ထို့ပြင် ကျွန်ုပ်မိတ်ဆွေ၏သားဖြစ်သူ Thiha Aung Page အား ID Serviceလက်ခံဆောင်ရွက်ခဲ့သူအနေနှင့် Service ကိစ္စပြတ်တောက် ရပ်စဲပြီးဖြစ်ပါသည်။ ထို့ကြောင့် ID Service လက်ခံဆောင်ရွက်ခဲ့သူအနေဖြင့် Page အားဝင်ရောက်ခြင်း၊ အသုံးပြုခြင်းများ ထပ်မံမပြုလုပ်ရန်နှင့် ပြုလုပ်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ကြောင်းလည်း အသိပေး ပြောကြားအပ်ပါသည်။ Page အား hack ကာ အသုံးပြုခဲ့သူမှာ မည်သူဖြစ်ကြောင်း ကျွန်ုပ်မိတ်ဆွေဘက်တွင် အချက်အလက်များ ခိုင်လုံစွာ ရှိနေသည့်အတွက် Page hack သူအနေဖြင့် မည်သို့မျှ ငြင်းနိုင်မည်မဟုတ်ကြောင်းလည်း အသိပေး ပြောကြားအပ်ပါသည်။

**ဦးကိုကိုဦး(ရုပ်ရှင်သရုပ်ဆောင်)၏လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| ဒေါ်အေးမွန်ထက်(LL.B) | ဦးရဲဝေလျှံ(LL.B) |
| တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ |
| (စဉ်-၉၉၅၉/၂၀၁၄) | (စဉ်-၅၂၉၉၄/ ၂၀၂ ၀) |
| AA-71၊ သိင်္ဂီလမ်းသွယ်(၄)၊ | သံလွင်လမ်း၊ရေချမ်းအိုး၊ ရပ်ကွက် |
| ရပ်ကွက်ကြီး(၁၀)၊ ပြင်ဦးလွင်မြို့ | ကြီး(၁၂)၊ ပြင်ဦးလွင်မြို့ |
| ဖုန်း-၀၉-၄၃၁၅၉၁၈၈ | ဖုန်း-၀၉-၆၉၁၇၉၆၆၆ |

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၁ရပ်ကွက်၊ အကွက်အမှတ် ဏ-၆၊ ဦးပိုင်အမှတ် (၈၅)ခဲစင်း အရှေ့ဘက်ခြမ်း/၆၄x၆၅လမ်းကြား၊ ၁၀၆ (အေ)လမ်းရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်သီတာတင် ၉/မရမ(နိုင်)၀၀၇၀၀၅၊ ဒေါ်နီလာတင် ၉/မရမ(နိုင်)၀၀၇၀၀၆တို့က ဂရန်စာချုပ်တင်ပြ၍ ခဲစင်းပြ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် အတွက် မြေပုံ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ စိတ္တရမဟီရပ်ကွက်၊ အကွက်အမှတ်(၇၂၀)၊ ဦးပိုင်အမှတ်(၉၁-ဃ)/ ၇၃x၇၄ကြား၊ ၃၀x၃၁လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်သန်းသန်းငွေ ၉/မရမ(နိုင်)၀၂၁၆၃၇၊ ဦးခိုင်စိုး ၉/မရမ(နိုင်)၀၂၁၆၃၉ တို့၏ အထူးကိုယ်စားလှယ်လွှဲစာ အမှတ်(၁၀၈၁၆/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးစိုးဝင်း ၅/တဆန(နိုင်)၀၆၉၃၆၄ က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ကဥ္စဏမဟီရပ်ကွက်၊ အကွက်အမှတ်(၆၄၀)၊ ဦးပိုင်အမှတ်(၃၀-ခ)/ ၃၄x၃၅ကြား၊ ၇၇x၇၈ကြား၊ ၃၄.Aလမ်းရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ ဒေါ်ခင်သိန်း ၉/မရတ(နိုင်)၀၃၅၉၂၄က ဘိုးဘစာအုပ်တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် - ၅၊ နည်းဥပဒေ - ၂၀)
## ပုသိမ်ကြီးမြို့နယ်တရားရုံးတော်
## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်-၄၂

| | | |
|---|---|---|
| ဒေါ်ကေသီမိုး | နှင့် | ဦးစိုးအောင် |
| (တရားလို) | | (တရားပြိုင် ) |

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ဇီးချိုကုန်းကျေးရွာနေ ဦးစိုးအောင် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်ကေသီမိုးက "လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပေးစေလိုမှု" လျှောက်ထားစွဲဆို သည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၁၆ရက် (၁၃၈၅ ခုနှစ်၊ ပြာသိုလဆန်း ၆ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ကျော်စံနိုင်)**
**ဒုတိယမြို့နယ်တရားသူကြီး (၁)**
**ပုသိမ်ကြီးမြို့နယ်တရားရုံး**

## အများသိစေရန်အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ် (ပပ-၂၂/၈၈)နေ ဒေါ်သင်းသင်းငွေ(ဘ) ဦးဘဘိန်း ၉/ကပတ(နိုင်)၀၀၆၅၆၃ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်-

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ်၊ (မ.ဝ.တ)မှ မြို့မြေဖော်ထုတ်ရေးစီမံချက်အရ မြေကွက်များချထားရာတွင် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သင်းသင်းငွေသည် အဘွားဖြစ်သူ ဒေါ်လှညွန့်အား ခွင့်ပြုချက်တောင်းခံ၍ ဒေါ်လှညွန့် အမည်ဖြင့် အမည်ခံလျှောက်ထားခဲ့ရာ ကျောက်ပန်းတောင်းမြို့၊ သာယာအေးရပ်ကွက်၊ မြေကွက်အမှတ်(တ/၆၆)၊(၇၀x ၅၀)ပေ အကျယ်အဝန်းရှိ ဝိုင်းမြေကွက်ကို ဒေါ်လှညွန့် PKU-၀၉၅၃၃၈ ဖြင့်မြေနေရာရရှိခဲ့ပါသည်။ ဒေါ်သင်းသင်းငွေသည် အဆိုပါ မြေကွက်အတွက် မြေကွက်ဖိုးငွေများကို သက်ဆိုင်ရာသို့ ပေးသွင်းခဲ့ပြီး ထိုစဉ်ကပင် မြေကွက်အား ခြံစည်းရိုးကာရန်၍ လက်ရောက်ရရှိခဲ့သည်မှာ ယနေ့အထိ နှစ်ပေါင်း(၃၃)နှစ်ကျော် ကြာမြင့်ခဲ့ပြီး ဖြစ်ပါသည်။ ထို့ကြောင့် အဆိုပါမြေကွက်ကို လက်ရှိပိုင်ဆိုင်သူ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သင်းသင်းငွေ မသိရှိဘဲ ရောင်းချခြင်း၊ပေါင်နှံခြင်း၊ လွှဲပြောင်းပေးအပ်ခြင်း/ပိုင်ဆိုင်ရန် ကြိုးပမ်းဆောင်ရွက်ခြင်း/ကျူးကျော်ဝင်ရောင်ခြင်းတို့ကို မပြုပါရန်နှင့် ပြုလုပ်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဒေါ်သင်းသင်းငွေ(ဘ)ဦးဘဘိန်း** | **ဦးဝင်းမြင့် (LL.B)** |
| **၉/ကပတ(နိုင်)၀၀၆၅၆၃** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၉၆၃)** |
| | **(ဆ-၁၀/၄၃)၊ မြို့သစ်(၂)ရပ်ကွက်** |
| | **ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့၊** |
| | **ဖုန်း-၀၉-၅၁၈၃၇၈၉** |

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 72W/11482,Honda Click-125 ယာဉ်လက်ဝယ်ရှိသူ Lucky Shwe Pyi Co.,Ltd က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညနခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်11W/41182,Luojia-110 ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးမြင့် ၉/ မနမ(နိုင်)၀၈၂၄၉၀ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညနခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 38W/19254,Honda Click-NC-110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ယဉ်သူဝင်း ၉/ခအဇ(နိုင်)၀၃၅၂၅၆ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညနခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 65W/49576,New Star-125, M/C ယာဉ်လက်ဝယ်ရှိသူ Eastern Utopia Co., Ltd က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညနခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၂)ရပ်ကွက်၊ အကွက်အမှတ် ဒ-၄၊ ဦးပိုင်အမှတ်(၁၆)/၃၇x၃၈ကြား၊ ၆၂x၆၃လမ်းကြားရှိ ဦးတင်မောင် အမည်ပေါက် ဂရန်မြေကွက်အား ပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်အမှတ်(၂၅၁၀/၁၉၉၆)ဖြင့်ပိုင်ဆိုင်ခဲ့သူ ဒေါ်ခင်ဝင်း ၁၂/ကမရ(နိုင်)၀၂၂၅၆၄၊ ISN-၅၁၂၃၄၅ကဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ် မ-၄၁၊ ဦးပိုင်အမှတ်(၄၄)/၄၁x၄၂ကြား၊ ၅၂လမ်းနှင့် ပြင်ဦးလွင်လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးကြိုင်(ခ) ကျော်သက် ၅/ဝသန(နိုင်) ၀၀၅၇၉၆က ဂရန်စာချုပ်တင်ပြ၍မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီ များဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ဒေးဝန်းအရှေ့ ရပ်ကွက်၊ အကွက်အမှတ် ၂၇၉၊ ဦးပိုင်အမှတ်(၃၄-က)/၃၉x၄၀ကြား၊ ၈၄x၈၅လမ်းကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ ဒေါ်သိမ့်သိမ့်ဆွေ ၁/မညန(နိုင်) ၀၈၉၈၅၅ကဘိုး ဘစာအုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီ များဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

